မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၁၇ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၀၉)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် နာဂတိုင်းရင်းသားအကြီးအကဲများအား လက်ဆောင်ပစ္စည်းပေးအပ်

နိုင်ငံတော်က တောင်ပေါ်နာဂဒေသ အဘက်ဘက်ကဖွံ့ဖြိုးရန် စေတနာထားဖြည့်ဆည်းပေးလျက်ရှိ

တိုင်းရင်းသားနာဂညီအစ်ကိုများ တည်ရှိပြီးတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးရေးအခြေခံကောင်းများ တည်တံ့ခိုင်မြဲရေး နိုင်ငံတော်နှင့်လက်တွဲပူးပေါင်းဆောင်ရွက်ရန် နာဂရိုးရာနှစ်သစ်ကူးပွဲတော်၌ တိုင်းမှူး မှာကြား

ရန်ကုန် ဇန်နဝါရီ ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဇန်နဝါရီ၁၅ရက် နံနက်၈နာရီခွဲတွင် စစ်ကိုင်းတိုင်း ခန္တီးခရိုင် လဟယ်မြို့ ရိုးရာအားကစားကွင်း၌ကျင်းပသည့် ၂၀၀၅ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို တက်ရောက်အားပေးပြီး နာဂတိုင်းရင်းသားအကြီးအကဲများအား လက်ဆောင်ပစ္စည်းများပေးအပ်သည်။

တက်ရောက်အားပေး

၂၀၀၅ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အမှတ်(၂)စစ်ဗျူဟာအဖွဲ့အခြေချ ခန္တီးစစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမင်းဆွေ၊ လဟယ်မြို့ နယ်မြေခံတပ်ရင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးရှုစံကြူး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခန္တီးခရိုင်နှင့် ခန္တီး၊ လဟယ်၊ လေရှီး၊ နန်းယွန်း၊ ဟုမ္မလင်းမြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အသင်းဝင်များ၊ နာဂရိုးရာယဉ်ကျေးမှုဗဟိုကော်မတီဝင်များ၊ ပွဲတော်ကျင်းပရေးကော်မတီဝင်များ၊ နာဂတိုင်းရင်းသား အကြီးအကဲများ၊ ခန္တီး၊ ဟုမ္မလင်း၊ လေရှီး၊ နန်းယွန်း၊ လဟယ်နှင့် တမူးမြို့နယ်တို့မှ နာဂမျိုးနွယ်စု တိုင်းရင်းသားကိုယ်စားလှယ်များ၊ လဟယ်မြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ နာဂတိုင်းရင်းသားများ၊ နာဂရိုးရာယဉ်ကျေးမှုအကအဖွဲ့ဝင်များ၊ **စာမျက်နှာ ၈ ကော်လံ ၁** ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား စစ်ကိုင်းတိုင်း ခန္တီးခရိုင် လဟယ်မြို့၌ကျင်းပသော ၂၀၀၅ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အခမ်းအနားတွင် နာဂရိုးရာယဉ်ကျေးမှုဗဟိုကော်မတီနာယက ဦးလှဖေက နာဂရိုးရာခြုံထည်ကို လွှမ်းခြုံပေးစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး ခန္တီးခရိုင် လဟယ်မြို့၌ ကျင်းပသော ၂၀၀၅ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

❒ "ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အင်အားချည့်နဲ့ပြီး တိုင်းတစ်ပါးအပေါ် မှီခိုအားထားသြဇာခံလာစေရန် ဦးတည်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ယိုယွင်းပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိ ဖန်တီးလုပ်ဆောင်နေမှုများ အမျိုးသားရေးအသိဖြင့် တွန်းလှန်ဖယ်ရှား။"

ခေါင်းကြီး (စာ-၂)

❒ "ပြည်သူ့အကျိုးကို အမှန်တကယ် သယ်ပိုးချင်တယ်ဆိုရင် အစိုးရ လုပ်သမျှကို အဆိုးမြင်နဲ့သာ အစဉ်တစိုက်ကြည့်တဲ့ လမ်းစဉ်ကို စွန့်လွှတ်ဖို့ ဖြစ်ပါတယ်။ အရာရာကို ပကတိဘဝနဲ့ကင်းပြီး မရှုမြင်ဖို့ဖြစ်။"

အောင်မိုးစံ၏ဆောင်းပါး (စာ-၁၀)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်)

နိုင်ငံနှင့်လူမျိုးအကျိုးစီးပွား မျိုးဆက်သစ်လူငယ်များမြှင့်တင် အမျိုးသားရေးအသိအမြင် နိုးကြားထက်သန်စေရန်ပျိုးထောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်၌ ဝင့်ဝင့်ထည်ထည် ရပ်တည်နေနိုင်ရန်အတွက် နိုင်ငံတော်ကို တည်ဆောက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှု၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာမှု၊ နည်းပညာတိုးတက်ဖြစ်ထွန်းမှု၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုစသည့် အမျိုးသားရေးစွမ်းအားများ ပြည့်ဖြိုးခိုင်မာစေရန် အထူးလိုအပ်လျက်ရှိသည်။

ယနေ့အချိန်အခါကဲ့သို့ သိပ္ပံနှင့်နည်းပညာများ ဖြစ်ထွန်းလွှမ်းမိုးနေသောကာလတွင် နိုင်ငံတော်ကို တည်ဆောက်ကာကွယ်နိုင်ရန်အတွက် ပဓာနကျသည့် အမျိုးသားရေးစွမ်းအားများလိုအပ်လျက်ရှိသည်။ ပညာရေးကဏ္ဍမှ လူ့စွမ်းအားအရင်းအမြစ်များ စနစ်တကျ ပြုစုပျိုးထောင် ဖြည့်ဆည်းပေးရေးသည် ပဓာနကျသည့် အမျိုးသားရေးတာဝန်ပင် ဖြစ်သည်။

အခြေခံပညာ ဆရာဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၁၅ ရက်နေ့က ရန်ကုန်တိုင်းလှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားရာ၌–

> **"မိမိနိုင်ငံ မိမိလူမျိုး၏ အမျိုးသားရေး အကျိုးစီးပွားကို အခြေအနေအချိန်အခါမရွေး ဖော်ဆောင်မြှင့်တင်ပေးနိုင်မည့် အမျိုးသားရေးအသိအမြင် ကြည်လင်ထက်သန်ပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဘက်စုံကဏ္ဍစုံတွင် စဉ်ဆက်မပြတ် တိုးတက်ပေါ်ထွန်းနေစေရန်အတွက် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ကို ဟန်ချက်ညီညီ အချိတ်အဆက်မိမိ ပေါင်းစပ်ပြီး စနစ်တကျ စီမံကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် ယခုဆိုလျှင် အောင်မြင်ဖြစ်ထွန်းမှု အသီးအပွင့်အကျိုးရလဒ်ကောင်းများလည်း စတင်တွေ့မြင်ခံစားနေရပြီ ဖြစ်ကြောင်း"**

ပြောကြားသွားသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်များ ပြည့်ပြည့်ဝဝ အောင်အောင်မြင်မြင် အကောင်အထည်ဖော် စွမ်းဆောင်ပေးနိုင်စေရန်အတွက် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းအဆင့်ဆင့်ကို ချမှတ်ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

ထုထည်ပမာဏ ကြီးမားကျယ်ပြန့်သည့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံကြီးတစ်ခုလုံး **'အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခေတ်ဖြာ'** ဆိုသည့် ဂုဏ်ပုဒ်နှင့် ဆီလျော်ညီညွတ်စေရန် ပညာရေးမြှင့်တင်မှုအစီအမံများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဆက်စပ်ယှက်နွယ်ပြောင်းလဲဖြစ်ပေါ်နေသည့် "Globalizationဖြစ်စဉ်တွင် မျိုးဆက်သစ် လူငယ်လူရွယ်များက နိုင်ငံတကာသိပ္ပံနှင့် နည်းပညာတိုးတက်ဖြစ်ပေါ်မှုများ၊ ခေတ်မီသင်ကြားမှု၊ သင်ယူမှုနည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ တတ်သိကျွမ်းကျင်ပြီး နိုင်ငံတကာနှင့် မျက်ခြည်မပြတ်စေရန် အထူးဂရုပြုကြရမည် ဖြစ်ပေသည်။

နိုင်ငံတကာ တိုးတက်ဖြစ်ထွန်းမှုများအပေါ် ဆင်ခြင်ဉာဏ်လွဲမှားစွာဖြင့် အားကျမနေဘဲ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့စံထားမှုများနှင့် ဖီလာဆန့်ကျင်သည့် တိုင်းတစ်ပါးအမူအကျင့် ဓလေ့စရိုက်နှင့် အတွေးအခေါ်များကို အမျိုးသားရေးအမြင်ဖြင့် မှန်ကန်စွာ ရှုမြင်သုံးသပ်၍ ရှောင်ရှားနိုင်စေရန် သတိပြုကြရမည် ဖြစ်သည်။

မျိုးဆက်သစ်လူငယ်များအား တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် အမျိုးသားယဉ်ကျေးမှု မြတ်နိုးထိန်းသိမ်းတတ်သည့် စိတ်ဓာတ်များ အစဉ်ထာဝရ ရှင်သန်နိုးကြားနေစေရန် လူငယ်ဘဝကပင် စေ့ဆော်စည်းရုံး လေ့ကျင့်ပျိုးထောင်ပေးကြရန် အထူးလိုအပ်ပေသည်။

အထူးသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အင်အားချည့်နဲ့ပြီး တိုင်းတစ်ပါးအပေါ် မှီခိုအားထား သြဇာခံလာစေရန် ဦးတည်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ယိုယွင်းပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိ ဖန်တီးလုပ်ဆောင်နေမှုများကို အမျိုးသားရေးအသိဖြင့် တွန်းလှန်ဖယ်ရှားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ မျိုးဆက်သစ်လူငယ်များ အမျိုးသားရေး အသိအမြင်နိုးကြားထက်သန်ပြီး ထက်မြက်မြင့်မားသည့် ပညာရည်စွမ်းပကားဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားကို ဖော်ဆောင်မြှင့်တင်ပေးနိုင်သည့် စွမ်းဆောင်ရည်များ ပြည့်ဝစေရန် ပညာရေးကဏ္ဍမှနေ၍ စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဇန်နဝါရီ၈ရက်က ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ(မဟာဒွါရ) မေတ္တာဝါဒီ ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒောဘာသက အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် အမက(၂၇)ကျောင်း ဆောက်လုပ်ရန်အတွက် အလှူငွေ ကျပ် ၅၀၀၀၀၀ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဆွမ်းဆန်စိမ်းလောင်းလှူပွဲ

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်း ဒဂုံမြို့နယ်မြို့မကျောင်းလမ်းရှိ သမိုင်းဝင် မဟာဓမ္မရံသီ အိမ်တော်ရာစေတီတော် (၁၅၆) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇန်နဝါရီ၂၄ ရက် (တနင်္လာနေ့)ညနေ ၃နာရီတွင် စေတီတော် ရင်ပြင်၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားသို့ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဆရာတော်ကြီးများ၊သြဝါဒစရိယဆရာတော်ကြီးများ ကြွရောက်တော်မူမည်ဖြစ်ရာ အလှူရှင်များ တက်ရောက်လှူဒါန်းနိုင်ကြောင်းနှင့် တယ်လီဖုန်းအမှတ် ၃၈၃၇၉၄သို့ လည်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကော့သောင်းနှင့် မြိတ်မြို့ရှိ မြို့ပြနှင့်ကျေးလက်စည်ပင်လုပ်ငန်းများ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်သည် ဇန်နဝါရီ၁၁ရက်တွင် ကော့သောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းများဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်သည် ခရိုင် ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် မြို့ပေါ်ရပ်ကွက်များ သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် ယင်းဝါဆည်မှ ရေဖြန့်ဝေပေးနိုင်မည့် အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘုရင့်နောင်ကုန်းမြေဝန်းကျင် သာယာလှပရေး ဆောင်ရွက်ထားမှုကိုလည်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

ညွှန်ကြားရေးမှူးချုပ်သည် ဇန်နဝါရီ၁၂ရက်တွင် မြိတ်မြို့သို့ရောက်ရှိ၍ ဗိုလ်မြတ်လေးပန်းခြံ သာယာလှပရေး ဆောင်ရွက်ထားမှုနှင့်မြို့ပတ်လမ်း(၂)ရှမ်းချောင်း–ရွှေဒူးလမ်း မြေသားလမ်းနှင့် ကျောက်ချောခင်းခြင်း လုပ်ငန်းကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။ ယင်းလမ်းမှာ အရှည် ၅မိုင်၇ဖာလုံ ရှိပြီး မြေသားလမ်းအကျယ်ပေ ၃၀ အပေါ်တွင် ၁၂ ပေ ကျောက်ချောလမ်း ခင်းထားခြင်းဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် ကျွဲကူးကျေးရွာ သုဝဏ္ဏရပ်ကွက်ရှိ နှစ်လက်မ စက်ရေတွင်းနှစ်တွင်းမှ ရေစုပ်တင်ပြီး ရေစုကန်များက ရေဖြန့်ဝေပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ တိုင်းနှင့် မြို့နယ်များမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၇–၁–၂၀၀၅
(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် Classification of Plants (ဒုတိယနှစ်–ပထဝီဝင်)
၅:၃၀ ၉။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ငယ်ချစ်ဦး"** (အပိုင်း–၂)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မေးမြန်းစုံစမ်း
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာသိုက်နှင့် ရန်နိုင်မောင်"** (အပိုင်း–၃၈)

ဆုချီးမြှင့်

မင်္ဂလာဒုံမြို့နယ် အမက(၃၅) မူလတန်းလွန်ကျောင်း၏ ပညာရေး စုံညီပွဲတော်ဖွင့်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၂ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးလှမြိုင်က ပညာရည်ချွန်ဆုရ ကျောင်းသား တစ်ဦးအား ဆုချီးမြှင့်စဉ်။ (က–ပ)



သစ်ဆိပ်များနှင့်လျှော်ကားဥယျာဉ် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် အလုံမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း သစ်လုံးရောင်းဌာနစု(၃)သို့လည်းကောင်း၊ အောင်ဇေယျသစ်ဆိပ်သို့လည်းကောင်း၊ ပုဇွန်တောင်မြို့နယ်ရှိ စက်ဆန်း သစ်ဆိပ်သို့လည်းကောင်း ရောက်ရှိစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်း ပြသကြသည်။

ထိုမှတစ်ဆင့် မင်္ဂလာဒုံစက်မှုဇုန်ရှိ ရွှေခြသေ့် အင်တာနေရှင်နယ် ဟိုးဒင်းကုမ္ပဏီလီမိတက်၏ သစ်အချော ထည်လုပ်ငန်းစက်ရုံသို့ရောက်ရှိရာ တာဝန်ခံ ဦးတင်သိန်းက စက်ရုံ၏လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်း ဥယျာဉ်သုံးပရိဘောဂများ ထုတ်လုပ်မှုအဆင့်ဆင့်နှင့် ထုတ်လုပ်ပြီး ပစ္စည်းများကိုလည်းကောင်း၊ ပြည်ပပို့ရန် ထုပ်ပိုးပြီး ပစ္စည်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း နွယ်ခွေသစ်ဆိပ်သို့ရောက်ရှိ စစ်ဆေးသည်။ ထိုမှတစ်ဆင့် မင်္ဂလာဒုံမြို့နယ် လျှော်ကားဥယျာဉ်ရှိ ရှင်းလင်းဆောင်သို့ရောက်ရှိရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးဦးခင်မောင်ဇော်က ဥယျာဉ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ၊ ဥယျာဉ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်ဝန်ကြီးသည် ဥယျာဉ်အတွင်း တည်ဆောက်လျက်ရှိသည့် နားနေဆောင်များနှင့် မွေးမြူပြသထားသည့် တိရစ္ဆာန်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပျော်ရွှင်စွာအပန်းဖြေ

လျှော်ကားဥယျာဉ်တွင် တွားသွားတိရစ္ဆာန်များ၊ နို့တိုက်သတ္တဝါများ၊ ငှက်မျိုးစုံတို့ကို သဘာဝအတိုင်း တွေ့မြင်ကြည့်ရှုနိုင်ပြီး အများပြည်သူများ အပန်းဖြေအနားယူနိုင်သည့်နေရာများ ပြုလုပ်ပေးထားသည့်အတွက် ပြည်သူများ ပျော်ရွှင်စွာ အပန်းဖြေအနားယူလျက်ရှိသည်။

(သတင်းစဉ်)

(၅၇)နှစ်မြောက် မြန်မာ့လွတ်လပ်ရေးနေ့အခါသမယ နိုင်ငံအကြီးအကဲများ သဝဏ်လွှာများဆက်လက်ပေးပို့

ရန်ကုန် ဇန်နဝါရီ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာ နိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများက လွတ်လပ်ရေးနေ့သဝဏ်လွှာများ ဆက်လက်ပေးပို့ကြသည်။

မွန်ဂိုလီးယားနိုင်ငံ

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ မွန်ဂိုလီးယားနိုင်ငံ သမ္မတ မစ္စတာနာဆာ ဂျင်ဘာဂါဘမ်ဒီထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိဝမ်းမြောက်ကြောင်း သဝဏ်လွှာပို့သပါကြောင်း၊ အဆွေတော်ကျန်းမာပျော်ရွှင်ပြီး မြန်မာပြည်သူများ ကြွယ်ဝချမ်းသာပါစေလို့ ဆုတောင်းမေတ္တာပို့သပါကြောင်း ဖော်ပြပါရှိသည်။

လက်ဘနွန်နိုင်ငံ

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ လက်ဘနွန်နိုင်ငံ သမ္မတ ဗိုလ်ချုပ်ကြီးအီးမေးလ်လာဟော့ဒ်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိကိုယ်တိုင်နှင့် လက်ဘနွန်နိုင်ငံသားများကိုယ်စား ဝမ်းမြောက်ကြောင်း သဝဏ်လွှာပို့သပါကြောင်း၊ အဆွေတော်ပျော်ရွှင်ချမ်းမြေ့ပြီး အောင်မြင်မှုများရပါစေကြောင်းနှင့် မြန်မာပြည်သူများ ကြွယ်ဝချမ်းသာပါစေလို့ ဆုတောင်းပါကြောင်း ဖော်ပြပါရှိသည်။

ဩစတြီးယားသမ္မတနိုင်ငံ

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဩစတြီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟိန့်ဖ်ဖစ်ရှာထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိဝမ်းမြောက်ကြောင်း သဝဏ်လွှာပို့သပါကြောင်း၊ အဆွေတော်နှင့် မြန်မာပြည်သူများ အနာဂတ်ကာလတွင် ပျော်ရွှင်ချမ်းမြေ့ပါစေဟု ဆုမွန်ကောင်းများပို့သပါကြောင်း ဖော်ပြပါရှိသည်။

မော်ရိုကိုနိုင်ငံ

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ မော်ရိုကိုနိုင်ငံ ဆဌမမြောက်ဘုရင် မိုဟာမက်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ကျန်းမာပျော်ရွှင်စေကြောင်းနှင့် မြန်မာပြည်သူများ ဆက်လက်ဖွံ့ဖြိုးတိုးတက်၍ ကြွယ်ဝပါစေကြောင်း ဆုမွန်ကောင်းများနှင့်အတူ မိမိဝမ်းမြောက်ကြောင်း သဝဏ်လွှာပို့သပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် နောက်ထပ်ပူးပေါင်းဆောင်ရွက်မှုများကို တိုး၍ဆောင်ရွက်သွားစေလိုကြောင်း ဖော်ပြပါရှိသည်။ **(မြန်မာ့အလင်း)**

ညောင်ရိုပ်သာတရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၁၆

သာကေတမြို့ (၁၀)တောင်ရပ်ကွက် ၁၀၈ တောင်ဘုရားကြီးအနီးရှိ ညောင်ရိုပ်သာကျောင်း တရားစခန်းတွင် လယ်တီဆရာတော်ကြီး၏ ကာယာနုပဿနာနှင့် ဓာတုမနသိကာရနည်းအတိုင်း ပဓာနနာယက အရှင်ကေသရာဘိဝံသဆရာတော်က ပြာသိုလပြည့်နေ့ (ဇန်နဝါရီ ၂၄ ရက်) တနင်္လာနေ့မှစ၍ ခုနစ်ရက်အဓိဋ္ဌာန် တရားစခန်းကို ဟောပြောပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများသည် ကြိုတင်စာရင်းပေးသွင်းရန်နှင့် ဖုန်း-၅၄၇၀၂၅ သို့ ဆက်သွယ်ဝင်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

* ကျောဖုံးမှ

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က အမှာစကား ပြောကြားရာတွင် ယနေ့အချိန်အခါသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရအနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် လွတ်လပ်သော အချုပ်အခြာ အာဏာပိုင် နိုင်ငံတစ်နိုင်ငံ ပီသစွာ နိုင်ငံတကာ့အလယ်တွင် တင့်တယ်ထည်ဝါစွာ ရပ်တည်နိုင်စေရေးတို့အတွက် နိုင်ငံတော်ကို တည်ဆောက်ကာကွယ် မြှင့်တင်ပေးနိုင်မည့် အရည်အသွေးမြင့်မားသော တိုင်းကျိုးပြည်ဆောင်အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရအောင် ပညာရေးကဏ္ဍကို အခြေပြုပြီး ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်ကာလဖြစ်ကြောင်း။

ပိုမိုရင့်ကျက်ခိုင်မာလာ

ယင်းသို့ ပညာရေးကဏ္ဍကို မဏ္ဍိုင်ပြုပြီး နိုင်ငံတော်ကြီးကို တည်ဆောက်မြှင့်တင်ပေးနေချိန်တွင် ပညာရေးကဏ္ဍ၏ ပင်မစွမ်းအားစုများဖြစ်သော ဆရာဆရာမများကို နိုင်ငံတော်၏သမိုင်းကြောင်းအခြေခံများ၊ မျက်မှောက်ကာလ၏ ပကတိအခြေအနေမှန်များနှင့် ပစ္စုပ္ပန်ကာလတွင် ရင်ဆိုင်ဖြေရှင်းနေရသည့် စိန်ခေါ်မှုများ၊ နိုင်ငံတော်က မျှော်မှန်းထားသည့် အနာဂတ်အလားအလာများကို ယခုကဲ့သို့အထူးမွမ်းမံသင်တန်းများတွင် ရှင်းလင်းသိမြင်စေခြင်းအားဖြင့် ဆရာဆရာမများ၏ ရှိရင်းစွဲပညာရပ်ဆိုင်ရာ စွမ်းဆောင်မှုအရည်အသွေး၊ တာဝန်သိစိတ်နှင့်အမျိုးသားရေးအမြင်၊ အမျိုးသားရေးစိတ်ဓာတ်တို့ ပိုမိုရင့်ကျက်ခိုင်မာလာစေလိမ့်မည်ဟု နိုင်ငံတော်အစိုးရက ခံယူထားကြောင်း။

ယနေ့အချိန်အခါမှာ သိပ္ပံနှင့်နည်းပညာရပ်များ၏ တိုးတက်ဖြစ်ထွန်းနေမှုများသည် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍအားလုံးကို လွှမ်းမိုးကြီးစိုးလျက်ရှိသည့်အတွက် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုက တစ်ဆင့်သာလျှင် အခြားသော ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍအသီးသီး၏ တိုးတက်ဖြစ်ထွန်းမှုများကို ဖော်ဆောင်ပေးနိုင်မည့် အခြေအနေအချိန်အခါကို ရောက်ရှိနေပြီဖြစ်ကြောင်း။

လွန်စွာလိုအပ်လျက်ရှိ

ယနေ့အချိန်အခါကဲ့သို့ အဖျက်အမှောင့်ရန်စွယ် အန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်တွန်းလှန်ရင်း နိုင်ငံတော်သစ်ကြီးကို တည်ဆောက်နေရသည့် အချိန်အခါကာလတွင် ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များ၊ စီးပွားရေးပညာရှင်များ၊ အင်ဂျင်နီယာပညာရှင်များ၊ ဗိသုကာပညာရှင်များ၊ ဆရာဝန်များ၊ ဆေးဘက်ဆိုင်ရာပညာရှင်များ၊ ကွန်ပျူတာပညာရှင်များ၊ လေကြောင်းသိပ္ပံဆိုင်ရာနှင့် ရေကြောင်းသိပ္ပံဆိုင်ရာပညာရှင်များစသည့် အသိပညာရှင်၊ အတတ်ပညာရှင်အမျိုးမျိုးတို့ နိုင်ငံတော်တည်ဆောက်ကာကွယ်ရေးနယ်ပယ်ကဏ္ဍစုံတွင် ပေါ်ထွန်းလာစေရန် လွန်စွာလိုအပ်လျက်ရှိကြောင်း။

ယင်းလိုအပ်ချက်များနှင့်အညီ စီးပွားရေး၊ ပညာရေး၊ သစ်တော၊ မွေးမြူရေး၊ စိုက်ပျိုးရေး၊ လေကြောင်းနှင့်အာကာသပညာ၊ ရေကြောင်းသိပ္ပံပညာတို့ကအစ ယဉ်ကျေးမှုကဏ္ဍမှာပါမကျန် ပညာရပ်အလိုက် ဘာသာရပ်အလိုက် တက္ကသိုလ်များ၊ ကောလိပ်များတိုးချဲ့ဖွင့်လှစ်ပေးထားပြီးဖြစ်သကဲ့သို့ ယင်းတက္ကသိုလ်များ၊ ကောလိပ်များတွင် ဘာသာရပ်ခွဲ၊ ပညာရပ်ခွဲနှင့်ပေါင်းစပ်ဘာသာရပ်အမျိုးမျိုးကိုလည်း တိုးချဲ့သင်ကြားပေးပြီး ပညာရှင်အသီးသီးကို ပြုစုပျိုးထောင်မွေးထုတ်ပေးလျက်ရှိနေကြောင်း။

ပေါ်ထွန်းလာသည့် ပညာရှင်များအား အရည်အသွေးမြင့်မားသော၊ နိုင်ငံတကာအဆင့်မီ ပညာရှင်များဖြစ်လာစေရန် မဟာဘွဲ့၊ မဟာသုတေသနဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများပါ တိုးချဲ့ သင်ကြားပေးလျက်လည်း ရှိကြောင်း။

ယင်းသို့ အဆင့်မြင့်ကဏ္ဍတွင် ပေါ်ထွန်းလာနေသည့် အခွင့်အလမ်းပွင့် ပညာရေးစနစ်နှင့် ဆီလျော်ညီညွတ်စွာ အခြေခံပညာ ကဏ္ဍတွင် ကျောင်းသူ ကျောင်းသားလူငယ်များကို ကြိုတင် ပြုစုပျိုးထောင်ပေးနိုင်စေရန်အတွက်လည်း သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင်မှုများ၊ ပညာရပ်အမျိုးမျိုး ပေါင်းစည်းပေးထားသည့် ဘာသာတွဲများကို ရွေးချယ်သင်ယူနိုင်သည့် စနစ်များ၊ ခေတ်မီသင်ကြားမှု သင်ယူမှု သင်ထောက်ကူပစ္စည်းများ၊ သိပ္ပံနှင့်ဓာတ်ခွဲခန်းသုံးပစ္စည်းများ ဖြည့်ဆည်းပေးမှုများ၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြေးညီ သင်ယူခွင့်ရရှိစေမည့် e-Education System ထူထောင်ပေးမှုများ စသည့် အရည်အသွေးမြှင့်တင်မှုများကို စနစ်တကျ စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်ကို ဆရာဆရာမများ ကိုယ်တွေ့မျက်မြင်များပင်ဖြစ်ကြောင်း။

လေ့ကျင့်ပျိုးထောင်

အဓိကအားဖြင့် အခြေခံပညာကဏ္ဍတွင် ကျောင်းသူ ကျောင်းသားလူငယ်များအား အလွတ်ကျက်မှတ်လေ့လာမှုကို အားပေးသည့်စနစ်မှ ပညာရပ်၏အရင်းအမြစ်အဓိပ္ပာယ်ကို လေ့လာဆန်းစစ်နိုင်မှု၊ နှိုင်းချင့်စဉ်းစားတွေးခေါ်နိုင်မှု၊ တီထွင်ကြံဆဖန်တီးနိုင်မှုတို့ကို အားပေးသည့်စနစ်ကို ကူးပြောင်းပြီး ကျောင်းသူကျောင်းသားများ၏ အသိဉာဏ်ပညာ၊ ဗဟုသုတ၊ စွမ်းဆောင်ရည်၊ ကျွမ်းကျင်မှုနှင့် စိတ်ဓာတ်ရေးရာ ကြံ့ခိုင်မှုတို့ကို လေ့ကျင့် ပျိုးထောင်ပေးနေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် အခြေခံပညာ ဆရာဆရာမများအနေဖြင့် မိမိတို့၏တပည့်ကျောင်းသူ ကျောင်းသားလူငယ်များအား အခွင့်အလမ်းများ ကျယ်ပြန့်စွာ ပွင့်လန်းစည်ပင်နေသည့် ပညာရေးနယ်ပယ်ကြီးတွင် တစ်ဦးချင်းစီ၏ ကိုယ်စီကိုယ်စီ ဝါသနာ၊ဗီဇ၊ ကျွမ်းကျင်မှုများအရ အနာဂတ် မျှော်မှန်းချက်များနှင့်အညီ ရှေ့ဘဝခရီးကို မှန်ကန်ဖြောင့်မတ်စွာ ရွေးချယ်နိုင်ရန်နှင့် မိမိနိုင်ငံ မိမိလူမျိုး၏ အမျိုးသားရေး အကျိုးစီးပွားကို ဖော်ဆောင်မြှင့်တင်ပေးနိုင်မည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာစေရန် အခြေခံပညာကဏ္ဍက စတင်ပြီး စေတနာရှေ့ထား လေ့ကျင့်ပျိုးထောင်ပေးကြရန် မှာကြားပြီး အခမ်းအနားကို ရပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဝန်ကြီး ဦးသန်းအောင်နှင့် အဖွဲ့ဝင်များသည် သင်တန်းသား သင်တန်းသူ ဆရာဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါ သင်တန်းသို့ အထက်မြန်မာပြည်ရှိ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား သင်တန်းသူ ဆရာဆရာမ ၉၀၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါးပတ်ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**



တိုကျိုမြို့ ငါးပြတိုက်တစ်ခု၌ လင်းပိုင်များ ဘာသာဘာဝ ပျော်မြူးနေကြသည်ကို ဇန်နဝါရီ ၁၅ ရက်က တွေ့ရစဉ်။ (ဂျပန်နိုင်ငံ ဆော်လမွန်ကျွန်း၌ လင်းပိုင်များ တင်ပို့ရောင်းချခြင်းကို ပိတ်ပင်လိုက်ပြီဖြစ်ကြောင်း သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၄ ခုနှစ်၌ အင်ဒိုနီးရှားမှ ကား ၄၈၃၃၁၇ စီး ရောင်းချ နှစ်လုံးပေါက်ရောင်းချရမှု ၃၆ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့

ဂျကာတာ ဇန်နဝါရီ ၁၅

အင်ဒိုနီးရှားနိုင်ငံ၏ ကားရောင်းချရရှိသည့်ပမာဏသည် ၂၀၀၄ ခုနှစ်အတွင်း၌ ကားစီးရေ ၄၈၃၃၁၇ စီးအထိ ရှိပြီး ၃၆ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ၂၀၀၃ခုနှစ်က ၃၅၄၃၃၁ စီး ရောင်းချရရှိခဲ့ကြောင်း အင်ဒိုနီးရှား ကားစက်မှုလုပ်ငန်းအသင်း(ဂေကင်ဒို)က ပြောကြားသည်။

၂၀၀၄ ခုနှစ်တွင် နှစ်လုံးပေါက် ရောင်းချရရှိခဲ့သည့် ကားစီးရေသည် အင်ဒိုနီးရှားနိုင်ငံ၏ သမိုင်းကြောင်း၌ အမြင့်မားဆုံးဖြစ်ခဲ့ကြောင်း ဘစ္စနစ် အင်ဒိုနီးရှား သတင်းစာက သောကြာနေ့၌ ရေးသားဖော်ပြခဲ့သည်။

ပြန်လည်သုံးသပ်

မိမိတို့၏ ကားရောင်းချမှုအလားအလာကို လေးကြိမ်မျှ ပြန်လည်သုံးသပ်ခဲ့ကြောင်း၊ ကနဦးခန့်မှန်းချက်မှာ ထိုမျှ မများကြောင်း ဂေကင်ဒို အတွင်းရေးမှူးချုပ် ဖရက်ဒ် ဒီဆူထရီနိုက ပြောကြားသည်။ စတုတ္ထ ခန့်မှန်းချက်ဖြစ်သည့် ကားစီးရေ ၄၅၀၀၀၀ သည် အမှန်တကယ်ရောင်းချရရှိမှုပမာဏထက် နိမ့်ဆဲဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အထောက်အကူပေး

မိမိတို့၏ ပြည်တွင်း ကားဈေးကွက်အတွက် အထောက်အကူပေးသော အခြားအကြောင်းအချက်များမှာ အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်လျှင် ရူပီယာငွေကြေး ခိုင်မာခြင်းနှင့် ပုံစံသစ်များကြောင့် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယခုနှစ်တွင် ရောင်းချရရှိမည့် ကားစီးရေ ၅၂၀၀၀၀ ရှိမည်ဟု ဂေကင်ဒိုက ခန့်မှန်းသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နိုင်ငံတကာသတင်းများ

ဂြိုဟ်တုနှစ်လုံး အိန္ဒိယလွှတ်တင်မည်

နယူးဒေလီ ဇန်နဝါရီ ၁၅

အိန္ဒိယနိုင်ငံသည် မြေပုံထုတ်ရန် ဂြိုဟ်တုတစ်လုံးနှင့် အခြားကိစ္စရပ်များတွင် အသုံးပြုရန်အတွက် ဂြိုဟ်တုတစ်လုံးကို မေလနှင့် ဇွန်လအတွင်း အာကာသထဲသို့ လွှတ်တင်သွားမည်ဟု အိန္ဒိယ အာကာသအေဂျင်စီ အကြီးအကဲက ဘန်ဂလိုမြို့၌ သောကြာနေ့က ပြောကြားကြောင်း အင်ဒို-အာရှ သတင်းဌာနက သတင်းဖော်ပြသည်။

လွှတ်တင်မည်

အိန္ဒိယအာကာသ သုတေသနအဖွဲ့အစည်း (အိုင်အက်စ်အာအို)သည် မြေပုံထုတ်မည့် ကာရိုဆက်-၁ ဂြိုဟ်တုကို မတ်လနှင့် ဧပြီလအတွင်း လွှတ်တင်မည်ဖြစ်ပြီး အင်ဆက်-၄ အေ ဂြိုဟ်တုကို မေလနှင့် ဇွန်လအတွင်း လွှတ်တင်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

၂၀၀၅ ခုနှစ်တွင် စင်ကာပူနိုင်ငံ၏ အလုပ်လက်မဲ့နှုန်း ပိုလျော့ကျမည် အလုပ်အကိုင်ဖန်တီးပေးမှု အခွင့်အလမ်းများ တိုးလာမည်ဟုဆို

စင်ကာပူ ဇန်နဝါရီ ၁၅

စင်ကာပူနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ယခုနှစ်ကုန်၌ သုံးရာခိုင်နှုန်းအောက်ရှိမည်ဟု ခန့်မှန်းထားကြောင်း၊ လက်ရှိ ၃ ဒသမ ၄ ရာခိုင်နှုန်းမှ ထပ်လျော့ကျမည်ဖြစ်ကြောင်း၊ သုံးနှစ်ကျော်ကာလအတွင်း အနိမ့်ဆုံးဖြစ်ကြောင်း အလုပ်သမားဌာနအကြီးအကဲ လင်မ်ဘွန်ဟင်းက သောကြာနေ့၌ ပြောကြားသည်။

သောကြာနေ့က ဖော်ပြခဲ့သော လူထုဆက်သွယ်ရေး သတင်းဖော်ပြချက်အရ လေယာဉ်တည်ဆောက်မှု အတတ်ပညာ အပိုင်းကဏ္ဍ၊ တစ်ပိုင်းလျှပ်ကူး၊ ဓာတုဗေဒ၊ ဆေးဝါးနှင့် ဝန်ဆောင်မှုလုပ်ငန်းများက ယခုနှစ်တွင် အလုပ်အကိုင်အခွင့်အလမ်းများကို တိုးလာစေမည်ဟု လင်မ်က ပြောကြားသည်။

အသေးစားနှင့်အလတ်စားလုပ်ငန်းများသည်လည်း ယခုနှစ်တွင် အလုပ်သမားများကို ပိုမိုအလုပ်ပေးနိုင်ဖွယ်ရှိကြောင်း၊ အဆိုပါ အသေးစားနှင့် အလတ်စားလုပ်ငန်းများသည် အစိုးရက ယခုနှစ် စီးပွားရေးတိုးတက်နှုန်း ၃ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအောက် ရှိမည်ဟု ခန့်မှန်းထားသော်လည်း အလုပ်အကိုင် အလားအလာသည် မှန်မှန်တိုးတက်ကောင်းမွန်လာကြောင်း မစ္စတာလင်မ်က ပြောကြားသည်။

အာရှတိုက်၌ လေကြောင်းခရီးသွားလာမှု တစ်ဟုန်ထိုး တိုးတက်လာမှုကြောင့် လေယာဉ်များ ပိုမိုလိုအပ်လာသည့်အလျောက် လေယာဉ်တည်ဆောက်ရေး အတတ်ပညာ အပိုင်းကဏ္ဍအတွက် အလုပ်အကိုင် ပိုမိုဖန်တီးပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လေယာဉ်တည်ဆောက်မှုအတတ်ပညာ အပိုင်းကဏ္ဍသည် ပြီးခဲ့သည့် ဆယ်စုနှစ်၌ နှစ်စဉ် ၁၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး လွန်ခဲ့သည့်နှစ်၌ ၁၄ ရာခိုင်နှုန်းတိုးကာ စင်ကာပူ ဒေါ်လာ ၄ ဒသမ၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံ) ထိ ရှိခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဆရာဝန်များ၏ ရောဂါအကဲဖြတ်မှု ဆက်သွယ်ရေးစနစ်ဖြင့် ရယူနိုင်မည်

နယူးဒေလီ ဇန်နဝါရီ ၁၅

ဆက်သွယ်ရေး ဆေးဝါးစနစ်တစ်ရပ်သည် အိန္ဒိယနိုင်ငံတစ်ဝန်း အကောင်းဆုံးဆေးရုံအချို့မှ ဆရာဝန်များနှင့် လူနာများအား ဂြိုဟ်တုသုံး၍ ဆက်သွယ်ပေးတော့မည် ဖြစ်ကြောင်း အင်ဒိုအာရှသတင်းဌာနက ရေးသားထုတ်လွှင့်ခဲ့သည်။

ရယူနိုင်

ယင်းအစီအစဉ်ကို ဂျေဟတ်စ်ဟန်းအာကာသဗဟို(ဂျေအက်စ်အေစီ) ပြန်ကြားရေးနည်းပညာဌာနက တင်ပြခဲ့ခြင်း ဖြစ်သည်။ ဆက်သွယ်ရေးဆေးဝါးစနစ်သည် ဆင်းရဲသားပြည်သူများအား အကောင်းဆုံး ဆေးရုံများမှ ရောဂါအကဲဖြတ်ခြင်းများ အလွယ်တကူ ရယူနိုင်မည့် စနစ်တစ်ရပ် ဖြစ်သည်။

ဆောင်ရွက်

ယင်းစီမံကိန်းကို အိန္ဒိယ အာကာသ သုတေသနအဖွဲ့ (အိုင်အက်စ်အာအို)၏ အကူအညီဖြင့် အိုင်အက်စ်အိုအခြေစိုက် ဘန်ဂလိုတို့က ရူပီးငွေ သန်း ၁၃၀ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ သန်း) အကုန်အကျခံ ဆောင်ရွက်ခြင်းဖြစ်သည်။

ယင်းစနစ်အရ ကျေးလက်နေပြည်သူများသည် မည်သည့်နေရာမှမဆို ဆေးရုံများမှ ဆရာဝန်များ၏ အကြံဉာဏ်ကို ရယူနိုင်မည် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဖိလစ်ပိုင်အလုပ်သမားများက လွှဲပြောင်းပေးပို့ငွေ နိုဝင်ဘာလအတွင်း ဒေါ်လာသန်း ၇၄၀ ထိရှိခဲ့

မနီလာ ဇန်နဝါရီ ၁၅

ဖိလစ်ပိုင် ပင်လယ်ရပ်ခြား အလုပ်သမားများ (အိုအက်ဖ်ဒဗလျူ)က နိုဝင်ဘာလ၌ လွှဲပြောင်းပေးပို့သော ငွေသည် အမေရိကန်ဒေါ်လာ သန်း ၇၄၀ ထိရှိခဲ့ရာ တစ်နှစ်ထက် တစ်နှစ် ၂၇ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဗဟိုဘဏ်က သောကြာနေ့၌ ပြောကြားသည်။

၁၁ လ ကာလအတွင်း တစ်စထက်တစ်စ ပိုမိုလာသော လွှဲပြောင်းပေးပို့သည့် ငွေသည် အမေရိကန်ဒေါ်လာ ၇ ဒသမ ၇ ဘီလီယံထိ ရှိလာခဲ့ကြောင်း၊ သို့မဟုတ် လွန်ခဲ့သည့်တစ်နှစ်က လွှဲပြောင်းပေးပို့ခဲ့သည့် ဒေါ်လာ ၆ ဒသမ ၉ ဘီလီယံထက် ၁၁ ရာခိုင်နှုန်းမြင့်ခဲ့ကြောင်း ဗဟိုဘဏ်က ပြောကြားသည်။

တရားဝင်ထုတ်ပြန်သည့် စာရင်းဇယားများ၌ ၂၀၀၄ ခုနှစ်၏ ပထမ ၁၁ လအတွင်း စုစုပေါင်း ဖိလစ်ပိုင် ပြည်ပအလုပ်သမားအရေအတွက်သည် ၈၁၁၇၇၃ အထိ ၁ ဒသမ ၃ ရာခိုင်နှုန်းတိုးခဲ့ကြောင်း၊ ထို့အရင်နှစ်က ၈၀၁၃၅၁ ဦးရှိခဲ့ကြောင်း ဖော်ပြထားသည်။

အဆိုပါလွှဲပြောင်းပေးပို့သည့် ငွေပမာဏသည် ၂၀၀၄ ခုနှစ် တစ်နှစ်လုံးအတွက် မျှော်မှန်းထားသည့် ၆ ရာခိုင်နှုန်းထက် ကျော်လွန်ခဲ့ကြောင်း၊ ထိုသို့ အိုအက်ဖ်ဒဗလျူလွှဲပြောင်းပို့ငွေ ဆက်လက်မြင့်တက်ခြင်းသည် ဖိလစ်ပိုင်ပြည်ပအလုပ်သမားများကို တောင်းဆိုမှု ပိုများပြားလာခြင်းကြောင့် ဖြစ်ကြောင်း ဖိလစ်ပိုင် ဗဟိုဘဏ်က မှတ်ယူခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

တိုက်တန်လ၏မျက်နှာပြင် ကမ္ဘာမှ ပထမဆုံးကြည့်ရှုနိုင်ပြီ

ပါဆာဒီးနား(ကာလီဖိုးနီးယား) ဇန်နဝါရီ ၁၅

ကမ္ဘာသည် တိုက်တန်လ၏ မျက်နှာပြင်ကို ဥရောပအာကာသယာဉ် ဟိုက်ဂျင်းကပေးပို့သည့် ဓာတ်ပုံများ ရရှိချိန်တွင် ပထမဆုံးကြည့်ရှုကြရတော့မည်ဖြစ်ကြောင်း၊ အရည်များစီးဆင်းသည့် မြောင်းများပါရှိသော ကျောက်သားမျက်နှာပြင်များဖြစ်နိုင်ကြောင်း ရိုက်တာသတင်း၌ ရေးသားဖော်ပြသည်။

အဆိုပါ လမျက်နှာပြင်သို့ ဟိုက်ဂျင်းယာဉ်မဆင်းမီ ၁၀ မိုင်ခန့်အကွာ အမြင့်မှရိုက်ကူးထားသော ပုံသည် ကမ်းရိုးသဖွယ်ပေါ်ပေါက်နေသည်ဟု သိပ္ပံပညာရှင်များက ပြောဆိုသည်။ မြောင်းများသည် နက်ရှိုင်းသော ချောက်ကြီးများအဖြစ်သို့ တိုက်စားသွားခြင်းဖြစ်နိုင်ကြောင်း ၎င်းတို့က ထင်ကြေးပေးကြသည်။

ကတ်စီနီ-ဟိုက်ဂျင်းအာကာသယာဉ် လွှတ်တင်ရေးမစ်ရှင်ကို အမေရိကန်ဒေါ်လာ သုံးဘီလီယံ အကုန်အကျခံ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းစီမံကိန်းကို နာဆာနှင့် ဥရောပ၊ အီတလီ အာကာသအေဂျင်စီများ ပူးပေါင်းကာ ဖလော်ရီဒါပြည်နယ် ကိတ်ကာနေဗယ်မှ ၁၉၉၇ ခုနှစ်က လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအာကာသယာဉ်သည် စေတန်ဂြိုဟ်နှင့် ၎င်း၏စက်ဝန်းကွင်းများ၊ လနှင့် သံလိုက်လေထုလွှာကို လေ့လာရန် လွှတ်တင်ခဲ့ခြင်း ဖြစ်သည်။ ဒီဇင်ဘာလက စေတန်လေ့လာရေးယာဉ် ကတ်စီနီက တိုက်တန်ဂြိုဟ်သို့ သုံးပတ်ကြာခရီးအတွက် ဟိုက်ဂျင်းယာဉ်ကို ချပေးလိုက်သည်။ ၎င်းယာဉ်၏ လေထီးသည် လမျက်နှာပြင်သို့ အောင်မြင်စွာ ဖြည်းဖြည်းချင်း ဆင်းမည်ဖြစ်ကြောင်း သိရသည်။ တိုက်တန်လ၏ မျက်နှာပြင်ပေါ်တွင် မီသိန်းနှင့် အီသိန်းအရည်များ ရှိလိမ့်မည်ဟု မျှော်လင့်ထားသည်။ **အမ်အင်အေ၊ရိုက်တာ**



ဟိုက်ဂျင်းအာကာသယာဉ်ပေါ်မှ ရိုက်ကူးထားသော ပထမဆုံးတိုက်တန်လ၏ မျက်နှာပြင်ကို ဇန်နဝါရီ ၁၄ ရက်က ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

ကျွန်းငယ်နိုင်ငံများ၏ အနာဂတ်ဆိုင်ရာ ကုလသမဂ္ဂညီလာခံ ကျင်းပပြီးစီး
ကျွန်းငယ်နိုင်ငံများ ဘေးအန္တရာယ်ကင်းရေးအထောက်အကူပေးရန်ကတိကဝတ်ပြု

ပို့တ်လူဝစ် ဇန်နဝါရီ ၁၅

ကျွန်းငယ်နိုင်ငံများ သဘာဝဘေးအန္တရာယ်မှ ကင်းဝေးစေရေး အထောက်အကူပေးရန် နိုင်ငံတကာ လူ့အဖွဲ့အစည်းက ကတိကဝတ်ပြုကာ ပို့တ်လူဝစ်၌ ငါးရက်ကြာကျင်းပခဲ့သော ကျွန်းငယ်နိုင်ငံများ၏ အနာဂတ်ဆိုင်ရာ ကုလသမဂ္ဂ ညီလာခံသည် သောကြာနေ့က ပြီးဆုံးသွားခဲ့သည်။

ဖွံ့ဖြိုးဆဲကျွန်းငယ်နိုင်ငံများအား နည်းပညာနှင့် ငွေကြေးပူးပေါင်း ဆောင်ရွက်မှု၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာဆိုင်ရာအဖွဲ့အစည်းများ၏ အကူအညီပေးမှုတို့ဖြင့် ကျွန်းငယ်နိုင်ငံများ၏ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာများကို အထောက်အကူပေးမည့် မိမိတို့၏ ကတိခံဝန်ချက်အား နိုင်ငံတကာ အသိုင်းအဝိုင်းက ထပ်မံအတည်ပြုကြောင်း မော်ရစ်သျှ ကြေညာချက်၌ ဖော်ပြထားသည်။

ပေါ်ထွန်းခဲ့

လွန်ခဲ့သည့် ၁၀နှစ်တွင် ဘာဘေဒိုစ်၌ ဆန္ဒမဲပေးပြီး အကျိုးသက်ရောက်မှုရှိစေခဲ့သော ဖွံ့ဖြိုးဆဲနိုင်ငံများ(အက်စ်အိုင်ဒီအက်စ်)ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မှုအစီအစဉ် တစ်ရပ်ကို ပြန်လည်သုံးသပ်ရန် ကုလသမဂ္ဂ၏ အစည်းအဝေးကို ကျင်းပခဲ့ရာတွင် မော်ရစ်သျှ ကြေညာချက်ပေါ်ထွန်းခဲ့သည်။မော်ရစ်သျှညီလာခံတွင် ကျွန်းငယ်နိုင်ငံများ အနက် နိုင်ငံ၄၀တက် ရောက်ခဲ့ကြပြီး အဆိုပါကျွန်းငယ်နိုင်ငံများက သဘာဝဘေးအန္တရာယ်များနှင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုတို့ကြောင့် ၎င်းတို့၏ ကျွန်းငယ်နိုင်ငံများ ပျောက်ကွယ်သွားမည်ကို စိုးရိမ်ပူပန်ခဲ့ကြသည်။

လိုအပ်

ကာရစ်ဘီယံနှင့် ပစိဖိတ်ဒေသတွင် မကြာသေးမီက ဖြစ်ပေါ်ခဲ့သော ဘေးအန္တရာယ်နှင့် ဟာရီကိန်းမုန်တိုင်းများကို တုံ့ပြန်ရန်အတွက် အကျိုးထိရောက်မှုရှိသော ဘေးအန္တရာယ် လျော့နည်းရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုခိုင်မာစေရန်၊ ကြိုတင်သတိပေးစနစ်များ ထူထောင်ရေးနှင့် တည်ဆောက်ရေးစွမ်းအင်များ ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရန် လိုအပ်ကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။

အဆိုပါ အစည်းအဝေး၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ကမ္ဘာလုံးဆိုင်ရာ သတိပေးစနစ်တစ်ရပ်ထူထောင်သွားရန် တိုက်တွန်းခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံတကာ သတင်းများ

စင်ကာပူနှင့် မလေးရှားနိုင်ငံတို့ မြေယာဖော်ထုတ်ရေး အငြင်းပွားမှု ငြိမ်းချမ်းစွာ ဖြေရှင်းရန် သဘောတူညီ

စင်ကာပူ ဇန်နဝါရီ ၁၅

စင်ကာပူနှင့် မလေးရှားနိုင်ငံတို့သည် မြေယာဖော်ထုတ်ရေး အငြင်းပွားမှုကို ငြိမ်းချမ်းစွာ ဖြေရှင်းသွားကြရန် မကြာမီလများ အတွင်း၌ နှစ်ကြိမ်ဆွေးနွေးခဲ့ကြပြီးနောက် သဘောတူချက် ရရှိခဲ့ကြသည်။

ဆုံးဖြတ်ခဲ့

ပြီးခဲ့သည့် ဒီဇင်ဘာလနှင့် ဇန်နဝါရီလ၌ ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲများသည် အလွန်တိုးတက် ကောင်းမွန်ခဲ့ကြောင်း၊ နှစ်ဖက်အစိုးရ ကိုယ်စားလှယ်များသည် ဆန္ဒခံယူသည့် သဘောတူချက်ကို အပြီးအပြတ် ဆုံးဖြတ်မှုပေးခဲ့ကြကြောင်း နှစ်နိုင်ငံ ကြေညာချက်၌ ဖော်ပြထားသည်ဟု ဒေသထုတ် သတင်းစာက သောကြာနေ့၌ ဖော်ပြခဲ့သည်။

သဘောတူ

အစိုးရအဖွဲ့အစည်း နှစ်ခုစလုံးက အစိုးရကျွမ်းကျင်သူများ၏ ထောက်ခံတင်ပြချက်ကို လက်ခံခဲ့ကြပြီး အပြန်အလှန် လက်ခံနိုင်မှုနှင့် အကျိုးဖြစ်ထွန်းနိုင်သည့် ဖြေရှင်းချက်များ၏ အခြေခံအဖြစ် ယင်းထောက်ခံတင်ပြချက်များကို အသုံးပြုရန် သဘောတူခဲ့ကြကြောင်း ပူးတွဲကြေညာချက်၌ ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အက်စ်အေအေအာရ်စီနိုင်ငံများမှ ထုတ်ကုန်၁၁၆ခု ဘင်္ဂလားဒေ့ရှ်က အခွန်လျှော့ပေါ့ပေးမည်

ဒါကာ ဇန်နဝါရီ ၁၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တောင်အာရှဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအသင်း (အက်စ်အေအေအာရ်စီ)၏ အခြားအဖွဲ့ဝင်ခြောက်နိုင်ငံမှ ထုတ်ကုန် ၁၁၆ ခုကို ၁၀ မှ ၂၀ ရာခိုင်နှုန်းအထိ မကြာမီ အခွန်လျှော့ပေါ့ပေးသွားမည် ဖြစ်သည်။

အပြန်အလှန်အားဖြင့် အက်စ်အေအေအာရ်စီနိုင်ငံများကလည်းဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ထုတ်ကုန် ၃၅၈ခုကို ၁၀ မှ ၇၅ ရာခိုင်နှုန်းအထိ ဇန်နဝါရီလ ၃၁ ရက်၌ အခွန်လျှော့သွားမည်ဖြစ်ကြောင်း နယူးအေ့ချ် သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လတ်ဆတ်သော သစ်သီးများ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ အုန်းသီးများ၊ အုန်းဆီများ၊ ကညွတ်များ၊ ခွေးအစားအစာ၊ လေယာဉ်၊ ထရက်တာ၊ ပလတ်စတာနှင့် သစ်သားပရိဘောဂများ အပါအဝင် ထုတ်ကုန်များကို အခွန်လျှော့ပေးမည် ဖြစ်သည်။

အခွန်လျှော့ပေါ့မှုသည် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် သက်တမ်းကုန်ခဲ့သည့် တောင်အာရှ ဦးစားပေးကုန်သွယ်မှုအစီအစဉ်(အက်စ်အေပီတီအေ)က စတုတ္ထမြောက် ဆွေးနွေးမှုအရ အပြန်အလှန်အခွန်လျှော့ပေါ့ပေးမည် ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

မိသားစုစီမံကိန်းအစီအစဉ် ဖိလစ်ပိုင်ရုပ်မြင်သံကြားဌာန ထုတ်လွှင့်မည်

မနီလာ ဇန်နဝါရီ ၁၆

ဖိလစ်ပိုင်နိုင်ငံ၏ လူဦးရေကြီးထွားမှုထိန်းချုပ်ရေး လုပ်ငန်းတစ်ရပ်အဖြစ် ယခုလအတွင်း၌ ဖိလစ်ပိုင်ရုပ်မြင် သံကြားအစီအစဉ်က မိသားစုစီမံကိန်းနှင့် မိဘ၏ ဘဝနှင့်သက်ဆိုင်မှုများကို စတင်ထုတ်လွှင့်သွားရန်အသင့်ရှိကြောင်း ဒေသဆိုင်ရာသတင်း စာတစ်စောင်က သောကြာနေ့၌ ဖော်ပြသည်။

လျှော့ချမည်

လာမည့် ခြောက်နှစ်တာကာလတွင် ဖိလစ်ပိုင်နိုင်ငံ၏ လူဦးရေကြီးထွားနှုန်းကို ၂ဒသမ ၃ရာခိုင်နှုန်းမှ ၁ဒသမ ၉ရာခိုင်နှုန်းသို့ လျှော့ချမည့် အစိုးရ၏ ရည်မှန်းချက်အောင်မြင်စေရန် ဖိလစ်ပိုင်ကျန်းမာရေးဌာနက ဆောင်ရွက်မည်ဖြစ်ကြောင်း ဖိလစ်ပိုင် စတားသတင်းစာက ရေးသားသည်။

ကိုက်ညီ

မိမိအစိုးရအဖွဲ့၏ လူဦးရေ အစီအစဉ်ဆိုင်ရာ မူဝါဒသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကိုက်ညီကြောင်း သမ္မတ ဂလိုရီယာမာကာပါဂါလ်အာရိုယိုက ပြောကြားသည်။

ညှိနှိုင်းမည်

ကျန်းမာရေးဝန်ကြီး မင်ညူရယ်ဒေရစ်က ယင်းအစီအစဉ်ကို အကောင်အထည်ဖော်မည်ဖြစ်ပြီး အစိုးရနှင့် မဆိုင်သောအဖွဲ့အစည်းများအပြင် ပြည်တွင်းအစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

လူဦးရေနှင့်ပတ်သက်၍ အစိုးရ၏မူဝါဒအပြောင်းအလဲမရှိကြောင်း သမ္မတ၏ပြောရေးဆိုခွင့်ရှိသူ အစ်နာစီယိုဘန်ယီက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဂျပန်နိုင်ငံ အိုင်ချီစီရင်စုတွင်ကျင်းပမည့် ၂၀၀၅ခုနှစ် ကမ္ဘာ့ကုန်စည် ပြပွဲအား ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ကြော်ငြာသည့် အနေဖြင့် ကမ္ဘာ့အကြီးမားဆုံး လေသင်္ဘောပျံကြီးတစ်ခု ပြုလုပ်ကာ ကိုဘေးမြို့နှင့် နာဂိုယာမြို့များ ပေါ်တွင် စမ်းသပ်ပျံသန်းနေသည် ကို ဇန်နဝါရီ ၁၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်အနောက်ဘက်၌ အီရတ်တပ်ဖွဲ့ဝင်များ၏ ဘတ်စ်ကား အီရတ်ခုခံရေးသမားများက ဒုံးကျည်ဖြင့်ပစ်ခတ်

ဘဂ္ဂဒက် ဇန်နဝါရီ ၁၆

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်အနောက်ဘက်တွင် ပြီးခဲ့သည့်သောကြာနေ့က အီရတ်စစ်ဘက်ဆိုင်ရာ ဘတ်စ်ကားတစ်စီးကို အီရတ်လက်နက်ကိုင် ခုခံတိုက်ခိုက်ရေးသမားများက ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ အီရတ်လက်နက်ကိုင် ခုခံတိုက်ခိုက်ရေးသမားများက ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီးနောက် အဆိုပါ အီရတ်စစ်ဘက်ဆိုင်ရာ ဘတ်စ်ကားတွင် လိုက်ပါလာသော အီရတ်တပ်ဖွဲ့ဝင် ၁၅ ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း၊ ၎င်းတို့ ၁၅ဦးသည် ဓားစာခံအဖြစ် ဖမ်းဆီးခံရခြင်း ဖြစ်ဖွယ်ရှိကြောင်း အမေရိကန်စစ်ဘက်အရာရှိတစ်ဦးက ပြောကြားသည်။

အဆိုပါ ဘတ်စ်ကားသည် အမေရိကန်စစ်ဘက်ဆိုင်ရာ စခန်းတစ်ခုသို့ ဦးတည်မောင်းနှင်လာစဉ် ဘဂ္ဂဒက် အနောက်ဘက်မိုင် ၉၀ ခန့်အကွာတွင် ယင်းကဲ့သို့ တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်ကြောင်းလည်း အီရတ်လုံခြုံရေးအစောင့်တပ်ဖွဲ့မှ အရာရှိတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

ထောက်ပံ့ရေးပစ္စည်းများ စီ ၁၃၀ လေယာဉ်ဖြင့် ကန်တို့ပေးပို့နေ

ဘာလက်ဒ် ဇန်နဝါရီ ၁၅

စီ ၁၃၀ ပို့ဆောင်ရေး လေယာဉ်ကြီးကို ပျံသန်းနေသော ကုန်တင်ကား တစ်စင်းအဖြစ် မကြာမကြာခေါ်လေ့ရှိကြောင်း၊ယခုအခါကျမှသာ ပို၍မှန်ကန်လာကြောင်း စီဘီအက်စ်သတင်းထောက်ဒေးဗစ်မာတင်က ပြောကြားသည်။

အဆိုပါ စီ ၁၃၀ ပို့ဆောင်ရေး လေယာဉ်ကြီးသည် အီရတ်နိုင်ငံသို့ တစ်နေ့လျှင် ကုန်တန်ချိန် ၈၀၀မျှ ပျံသန်းပို့ဆောင်ပေးနေရာ နိုဝင်ဘာလက ထက် သုံးပုံတစ်ပုံကျော်မျှပိုများခဲ့သည်။

မပို့နိုင်

လေကြောင်းမှ အဆိုပါ စီ၁၃၀ ပို့ဆောင်ရေး လေယာဉ်ကြီးဖြင့် ပို့ဆောင်ပေးခြင်းသည် အီရတ်နိုင်ငံ၏ အန္တရာယ် ကြီးမားသော ကုန်းလမ်းများမှနေ၍ မပို့နိုင်ခြင်းကြောင့် ဖြစ်သည်။

နည်းလမ်းတစ်ခု

ကုန်တင်ကားယာဉ်တန်း အရေအတွက်ကို လျှော့ချခြင်းသည် အီရတ်၌ လမ်းဘေးဗုံးများနှင့် ချုံခိုတိုက်ခံရမှုကြောင့် သေဆုံးရသည့်အမေရိကန်တပ်ဖွဲ့ဝင်များ အရေအတွက်ကို လျှော့စေသည့် နည်းလမ်းတစ်ခုဖြစ်ခဲ့သည်။

ယင်းအကြောင်းအချက်ကအီရတ်ရှိ တပ်ဖွဲ့ဝင်၁၅၀၀၀သို့လေကြောင်းမှနေ၍ ထောက်ပံ့ရေးပစ္စည်းများပေးပို့ခြင်းကိုအမေရိကန် စစ်ဘက်က ပိုအားထားလာရသည့်အကြောင်းရင်းဖြစ်သည်။

အန္တရာယ်ရှိလာ

ထိုသို့ စီ၁၃၀လေယာဉ်ဖြင့် ကုန်ပစ္စည်းများကို ပို့ပေးသော လုပ်ငန်းသည် ပိုအရေးကြီးပြီး ပိုမိုအန္တရာယ်ရှိလာကြောင်း၊ စီ၁၃၀လေယာဉ်များသည် အီရတ် ခုခံတိုက်ခိုက်ရေး သမားများအတွက် ပစ်မှတ်များ ဖြစ်လာကြောင်း အမေရိကန် စစ်ဘက်မှ ဗိုလ်ကြီး ကတ်ခရက်စ်မာက ပြောကြားသည်။ **(အင်တာနက်)**

လုံခြုံရေး ဆောင်ရွက်

မိုဆူးလ်မြို့တွင် အမေရိကန်စစ်ယာဉ်တန်းတစ်ခု လမ်းဘေးဗုံး ပေါက်ကွဲ ထိမှန်ခံရပြီး နောက် လုံခြုံရေး ဆောင်ရွက်နေသော အမေရိကန် တပ်ဖွဲ့ဝင်များကို ဇန်နဝါရီ ၁၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကျိုင်းတုံမြို့ ဆုတောင်းပြည့်မဟာမြတ်မုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး စလွယ်တော်၊ မကိုဋ်တော်နှင့် မုနိတော်ပြုလုပ်လှူဒါန်းရန် အလှူငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၁၆

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဆုတောင်းပြည့် မဟာမြတ်မုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး စလွယ်တော်၊ မကိုဋ်တော်နှင့် မုနိတော်ပြုလုပ်လှူဒါန်းရန်အတွက် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကို မဟာမြတ်မုနိဘုရားကြီး ဂန္ဓကုဋိတိုက်၌ ဇန်နဝါရီ ၁၂ရက် နံနက် ၉နာရီက ကျင်းပသည်။

ရွတ်ဖတ်သရဇ္ဈာယ်

အစီအစဉ်အရ ကြွရောက်လာကြသော ဆရာတော်သံဃာတော်များက ဦးဆောင်ကာ နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်တော်မူသည်။ထို့နောက် ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တခေမာစာရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)အရှင်သူမြတ်ထံမှ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီးဒေါ်ခင်ပြုံးဝင်း အမှူးပြုသော ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူဆောက်တည်ကြပြီးနောက် ဆရာတော်သံဃာတော် အရှင်သူမြတ်တို့က မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

လျှောက်ထားတင်ပြ

ဆက်လက်၍ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က ကြွရောက်လာကြသည့်ဆရာတော်သံဃာတော်အရှင်သူမြတ်တို့ထံ သာသနာရေးဆိုင်ရာ ကိစ္စရပ်များ လျှောက်ထားတင်ပြသည်။ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီးဒေါ်ခင်ပြုံးဝင်းတို့က ကြွရောက်လာကြသော ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလှူတော်ငွေပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး ဒေါ်ခင်ပြုံးဝင်း မိသားစုက လှူဒါန်းငွေကျပ်ငါးသိန်းကို တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းကလည်းကောင်း**(အပေါ်ပုံ)**၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်က လှူဒါန်းငွေကျပ်ငါးသိန်းကို ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းက လည်းကောင်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)က လှူဒါန်းငွေကျပ် ၁၀သိန်းကို ဒုတိယ ဗိုလ်မှူးကြီး ခင်မောင်ကျော်က လည်းကောင်း၊ လင်ဖုန်ဒန်နှင့် ဆာဟာခိုကုမ္ပဏီက လှူဒါန်းငွေကျပ် သိန်း၅၀၊ ဦးရွှေအေးနှင့် ဇနီး ဒေါ်နန်းကောင်ခမ်း မိသားစုက လှူဒါန်းငွေကျပ် သိန်း ၄၀၊ အလုပ်ဟာဂရု(ပ်)ကုမ္ပဏီက လှူဒါန်းငွေကျပ်သိန်း၃၀၊ ဦးမြင့်သိန်း ဇနီး ဒေါ်နန်းနွဲ့(မြင့်ကုန်စည်ပို့ဆောင်ရေး)က လှူဒါန်းငွေကျပ် ၁၀သိန်း၊ မစ်လူနာဇာ(ရီဂျင်နာဟိုတယ်)က လှူဒါန်းငွေကျပ် ငါးသိန်း၊ ဦးကျော်ငြိမ်း ဇနီး ဒေါ်နန်းခမ်းဆောင် မိသားစုက လှူဒါန်းငွေကျပ်ငါးသိန်း၊ ဒေါက်တာစိုင်းဆေးကော် ဇနီး ဒေါ်နန်းဆိုင်လီ မိသားစုက လှူဒါန်းငွေကျပ် ငါးသိန်းတို့အား ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ကလက်ခံရယူပြီး အနုမောဒနာဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာနက ငွေကျပ် ၃၁၁၀၀၀၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ငွေကျပ် သုံးသိန်း၊ ကျိုင်းတုံဒီဂရီကောလိပ်က ငွေကျပ် ၂၂၀၀၀၀၊ ရဲမှူးကြီး ဘကြည်ဇနီး ဒေါ်အေးအေးသိန်းတို့က ငွေကျပ်နှစ်သိန်း၊ ဦးအောင်နိုင်ဇနီး ဒေါ်ရောက်ဖူးမွေး မိသားစုက ငွေကျပ်နှစ်သိန်း၊ ကတ်တောင်ကျေးရွာအုပ်စုက ငွေကျပ်နှစ်သိန်း၊ အမှတ်(၁)ရပ်ကွက်က ကျပ်၁၅၀၀၀၀၊ ယန်းလောအုပ်စုက ငွေကျပ် ၁၅၀၀၀၀၊ မိုင်းဇင်းအုပ်စုက ငွေကျပ် ၁၅၀၀၀၀ အသီးသီး ပေးအပ်လှူဒါန်းကြရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းက လက်ခံရယူပြီး အနုမောဒနာ ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ တာချီလိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဗိုလ်မှူးခင်ကျော်နှင့် ဇနီး ဒေါ်နန်းမြစမ်းထွေးမိသားစု၊ ဦးသိန်းထိုက်(ဇော်ဆေးဆိုင်)၊ ဦးမြင့်ရွှေ ဇနီး ဒေါ်နန်းစိုးစံ(ရတနာဖြိုး ဆီပန့်)၊ လွယ်လုံကျေးရွာအုပ်စု၊ ကတ်ဖကျေးရွာအုပ်စု၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တာချီလိတ်၊ ဦးစိုင်းရွက် ဒေါ်နန်းခင်ထွေးမိသားစု၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဟုန်ပန်းကုမ္ပဏီ၊ အထူးဒေသ(၂)ဆက်ဆံရေးရုံး၊ အထူးဒေသ(၄)ဆက်ဆံရေးရုံးတို့က လှူဒါန်းငွေ ကျပ်တစ်သိန်းစီ အသီးသီး ပေးအပ်လှူဒါန်းကြရာ ကျိုင်းတုံမြို့နယ် ဂေါပကအဖွဲ့နာယက ဦးစိုင်းဆန်ဇင့်က လက်ခံရယူပြီး အနုမောဒနာဂုဏ်ပြုလွှာများပေးအပ်ကာ ကျပ်တစ်သိန်းအောက်အလှူငွေများ လှူဒါန်းကြသော အလှူရှင် ၄၄ ဦး၏ အမည်စာရင်းကိုဖတ်ကြားပြီး သာဓု အနုမောဒနာ ခေါ်ဆိုတော်မူကြသည်။

အလှူတော်ငွေ

ကျိုင်းတုံမြို့ ဆုတောင်းပြည့်မဟာမြတ်မုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး စလွယ်တော်၊ မကိုဋ်တော်နှင့် မုနိတော် ပြုလုပ် လှူဒါန်းရန်အတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အလှူရှင်၇၆ဦးတို့က စုစုပေါင်းအလှူငွေကျပ်၂၀၅၅၆၆၀၀ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ကျွမ်းကျင်ပညာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ ကျွမ်းကျင်ပညာရှင်အဆင့်၊ အခြေခံပညာကျောင်းများ စာပေအနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီသည် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးတည်ချက်များနှင့်အညီ ကျွမ်းကျင်ပညာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ဝန်ကြီးဌာန အသီးသီးအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံများနှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ဆောင်းပါး

ပြိုင်ပွဲဝင်ရန် သတ်မှတ်ထားသော ဆောင်းပါးခေါင်းစဉ်မှာ **ရာစုသစ်နှင့် တပ်မတော်** ဖြစ်သည်။ ဆောင်းပါးရေးသားရာတွင် ပေးထားသော ခေါင်းစဉ်နှင့် ကိုက်ညီခြင်း၊ အကြောင်းအရာ အချက်အလက် ပြည့်စုံခြင်း၊ အရေးအသား ရှင်းလင်းပြေပြစ်ခြင်း၊ သတ်ပုံသတ်ညွှန်းမှန်ကန်ခြင်း၊ အစီအစဉ်ကျခြင်း အင်္ဂါရပ်များနှင့် ညီညွတ်အောင်ရေးရမည့်အပြင် စာလုံးရေ၃၀၀၀မှ ၅၀၀၀အတွင်း ရေးသားရမည် ဖြစ်သည်။

ဆုချီးမြှင့်မည်

ပြိုင်ပွဲဝင်သူများသည် မိမိတို့ကိုယ်တိုင် ရေးသားသောစာမူဖြစ်ကြောင်း၊ အခြားပြိုင်ပွဲများ၌ ဆုရရှိထားသည့်စာမူ၊ ပုံနှိပ်ဖော်ပြဖူးသည့် စာမူမဟုတ်ကြောင်း ကိုယ်တိုင်ဝန်ခံချက်၊ ပြိုင်ပွဲဝင်သူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်နှင့် ရောင်စုံဓာတ်ပုံ နှစ်လက်မခွဲ x နှစ်လက်မအရွယ် နှစ်ပုံတို့ကို ပူးတွဲပေးပို့ရမည် ဖြစ်သည်။ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

တိုက်ရိုက်ပေးပို့နိုင်

ယှဉ်ပြိုင်လိုသည့် ဝန်ကြီးဌာနအသီးသီးအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများသည် ယှဉ်ပြိုင်မည့်ဆောင်းပါးကို ဖေဖော်ဝါရီ ၁၅ရက်(အင်္ဂါနေ့)နောက်ဆုံးထား၍ လုပ်ငန်းကော်မတီ အတွင်းရေးမှူး အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်ထံသို့ တိုက်ရိုက်ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ၃ရက်က တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်းတွင် ၂၀၀၃–၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးဝင်းနိုင်က သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆုရ မဝင်းသန္တာဦးအား ဆုချီးမြှင့်စဉ်။

(က–ပ)

တာမွေ အထက(၁) ၁၉၇၂–၇၃ ကျောင်းသားဟောင်းများ၏ ဒသမ အကြိမ်မြတ်ဆရာကန်တော့ပွဲကို ဒီဇင်ဘာ ၁၈ရက်က တာမွေ အထက(၁) ပင်လုံခန်းမတွင် ကျင်းပရာ အသက် ၉၁နှစ်ရှိ ဆရာမကြီး ဒေါ်လှတင်အား တပည့်ကျောင်းသူဟောင်းတို့က ငွေကျပ် ၃၀၀၀၀ဖြင့် ပေးအပ်လှူဒါန်းကြစဉ်။

(က–ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ခုနှစ် ပြာသိုလဆန်း၈ရက်
(ဥပုသ်နေ့)
၁၇–၁–၂၀၀၅(တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၁၅ ၇။ စွန်ချောင်းရေလှောင်တမံ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Grammar made Easy

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
- ၁၇:၁၅ ၆။ အကပဒေသာ
- ၁၇:၂၅ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၁၇:၃၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
- ၁၇:၄၅ ၉။ တေးဂီတအစီအစဉ်
- ၁၈:၀၀ ၁၀။ Discovery
- ၁၈:၀၅ ၁၁။ **"မင်းမသိသေးပါဘူးကွာ"** ဇော်၊ ငှက်ပျောကြော်၊ ချစ်စရာ၊ ကြူကြူသင်း၊ အေးအေးခိုင် (ဒါရိုက်တာ–ဆွေဇင်ထိုက်)
- ၁၈:၁၅ ၁၂။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဝူခုန်း"**(အပိုင်း–၅၉)
- ၁၈:၃၀ ၁၃။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၅။ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး (ပထမနေ့) [မွန်းလွဲပိုင်းအစီအစဉ်] (၉–၁၂–၂၀၀၄)
- ၁၉:၃၅ ၁၆။ ပန်းပျိုးလက်ပန်းချီပြပွဲ
- ၁၉:၄၅ ၁၇။ ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ (အပိုင်း–၂)
- ၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ"**(အပိုင်း–၃၀)
- ၂၂။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

တရားပွဲများကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် သရေခေတ္တရာလမ်း မိသားစု၏ ဒုတိယအကြိမ်မြောက် သောဘိတမြတ်စွာဘုရား ပူဇော်ပွဲနှင့် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အကြိုဆည်းဆာတရားပွဲများကို ကျင်းပမည်ဖြစ်သည်။ ဇန်နဝါရီ၁၇ရက်တွင် မင်းကွန်းတောင်ရိုး ဖောင်တော်သီကျောင်းတိုက် ပဓာန နာယက ဆရာတော်၊ ၁၈ရက်တွင် ဂန္ဓဝါစက ပဏ္ဍိတ ဘဒ္ဒန္တနန္ဒိမာဓိပတိ(သာသနဓဇ ဓမ္မာစရိယဥဘ တောဝိဘင်္ဂရဲ)၊ ၁၉ရက်တွင် မန္တလေး မလွန်ဆန်လှူဓမ္မကထိက၊ ပဲခူးဈေးကြီး ဆန်လှူဓမ္မကထိက အရှင်ဇဝန(ပဲခူး)၊ ၂၀ရက်တွင် ပဋ္ဌာန်းအောင်ပွဲအဖြစ် နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ သာသနပြုနယ်လှည့်ဓမ္မကထိက အရှင်အာစာရာလင်္ကာရ (စစ်ကိုင်းရွှေဟင်္သာ) ဆရာတော်တို့က ညစဉ် ၆နာရီမှ၇နာရီအထိ တရားတော်များ ဟောကြား ချီးမြှင့်မည်ဟု သိရသည်။ **(က–ပ)**

ဆူးလေစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေတက်ရောက်ကြည်ညို

ရန်ကုန် ဇန်နဝါရီ ၁၆

ဆူးလေစေတီတော် (၉၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ဗုဒ္ဓပူဇနီယပွဲတော် ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် ဆူးလေစေတီတော်ရင်ပြင်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်ဖူးမြော်ကြည်ညိုသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။ ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ကြွရောက်တော်မူလာကြသည့် သံဃာတော်အပါး ၁၈၀တို့က ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်သည်။

လျှောက်ထားတင်ပြ

ယင်းနောက် ဆူးလေစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူရေးအဖွဲ့ဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးငွေစိုးက ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့်ပတ်သက်၍ လျှောက်ထားတင်ပြသည်။ ထို့နောက် ကြွရောက်လာကြသူများက လှူဒါန်းမှုအစုစုအတွက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ အနုမောဒနာတရားနှင့် ရေစက်ချတရားကိုနာယူ၍ သာဓုအနုမောဒနာသုံးကြိမ်ရွတ်ဆို အမျှပေးဝေကာ အခမ်းအနား ပထမပိုင်းကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

လှူဖွယ်ပစ္စည်းများလောင်းလှူ

ထို့နောက် ဒုတိယပိုင်းအစီအစဉ်အရ (၉၃)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဗုဒ္ဓမြတ်စွာဘုရားအမှူးပြုလျက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ဆူးလေစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဆရာတော်ကြီးများ၊ တိုင်းသံဃနာယကအဖွဲ့ဝင် ဆရာတော်များ၊ ပရိယတ္တိစာသင်တိုက်များမှ ဆရာတော်များ၊ သီလရှင်များအား ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်မြို့နယ် လေးမြို့နယ်တို့မှ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းအမျိုးမျိုးကို လောင်းလှူကြသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ဆူးလေစေတီတော် (၉၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ပိတ်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲအခမ်းအနားတွင် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။ (မြန်မာ့အလင်း)

ရှေးဟောင်းသမိုင်းဝင်မြတ်မော်တင်စွန်းစေတီတော် ပြန်လည်ပြုပြင်တည်ထားကိုးကွယ်ရေး ဩဝါဒခံယူ

ရန်ကုန် ဇန်နဝါရီ ၁၆

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် တိုင်းသံဃနာယကအဖွဲ့ဝင် ဩဝါဒါစရိယဆရာတော်ကြီးများအား ပင့်ဖိတ်လျက် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါကာ ဒီဇင်ဘာ၃၀ရက်နံနက်က မော်တင်စွန်း ရှေးဟောင်းသမိုင်းဝင် မဟာမကုဋရုံသီမြတ်မော်တင်စေတီတော်သို့ရောက်ရှိပြီး စေတီတော်အား လက်ယာရစ်တစ်ပတ်လှည့်လည် ကြည်ညိုပူဇော်သည်။

တင်ပြလျှောက်ထား

ဆက်လက်၍ တိုင်းမှူးသည် စေတီတော်ရင်ပြင်တွင် မြတ်မော်တင်စေတီတော်ကြီး ပြန်လည်ပြုပြင်တည်ထားကိုးကွယ်ရေးဆိုင်ရာ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲနှင့် အလှူငွေ လက်ခံရယူပွဲ အခမ်းအနားသို့ တက်ရောက်သည်။ တိုင်းမှူးနှင့်အဖွဲ့သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ပုသိမ်မြို့ ညောင်ပင်သာ ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုတထံမှ ဩဝါဒကထာ နာယူကြပြီးနောက် တိုင်းမှူးက စေတီတော်အား ရှေးမူမပျက်ဘက်စုံ ပြုပြင်မွမ်းမံရေးနှင့် ဖြည့်ဆည်းပေးရန်လိုအပ်ချက်များအား ဖြည့်စွက်အကြံပြုဆွေးနွေးပြီး ဆောင်ရွက်သင့်သည့် ဗိသုကာဆိုင်ရာ အကြံပြုချက်များနှင့် စေတနာရှင်အလှူရှင်များ ကုသိုလ်ပါဝင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆရာတော်ကြီးအသီးသီး၏ ဩဝါဒများကိုနာခံကာ သာသနာရေးဆိုင်ရာများ တင်ပြလျှောက်ထားသည်။

လက်ခံရယူ

ဆက်လက်၍ မြတ်မော်တင်စေတီတော် ပြန်လည်ပြုပြင် တည်ဆောက်ရေးအတွက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း ၃၀၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်က ငွေကျပ်၁၀သိန်း၊ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း၂၀၊ ဒေသခံ ရေယာဉ်လုပ်ငန်းရှင်များက ကျပ် ၂၉သိန်းကျော်၊ ဟိုင်းကြီးတပ်နယ်မှ ငွေကျပ် ခုနစ်သိန်းအပါအဝင် လှူဒါန်းငွေကျပ် ၁၀၁၉၇၂၀၀အား အလှူရှင်အသီးသီးက ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဟိုင်းကြီး တပ်နယ်မှူးနှင့် ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့က လက်ခံရယူသည်။

ပုသိမ်မြို့မှ ၈၅မိုင် အကွာရှိ ရှေးဟောင်းသမိုင်းဝင် မဟာမကုဋရုံသီဘွဲ့မည်တော်ရ မြတ်မော်တင်စေတီတော်အား ဆရာတော်ကြီးထံမှ ဩဝါဒခံယူ၍ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကာ တည်ထားကိုးကွယ်ရေးအဖွဲ့ဖြင့် မကြာမီ ပြုပြင်တည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေများ ပါဝင်လိုပါက တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့နှင့်ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(ဧရာဝတီတိုင်း)**

ရှေးဟောင်းသမိုင်းဝင် မဟာမကုဋရုံသီဘွဲ့မည်တော်ရ မြတ်မော်တင်စေတီတော်အား အလှူငွေများပေးအပ်လှူဒါန်းပွဲတွင် ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လှူဒါန်းငွေကျပ် သိန်း၂၀ကို တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က လက်ခံယူစဉ်။ (ဧရာဝတီတိုင်း)

အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် ညီလာခံတွင်ကူညီခဲ့ကြသူများအားဂုဏ်ပြု

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပပြီးစီးခဲ့သော (၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်ညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကူညီခဲ့ကြသောအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအားဂုဏ်ပြုပွဲကို ယမန်နေ့ညနေ ၆နာရီခွဲက ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန မြက်ခင်းပြင်၌ ကျင်းပသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့်၊ အထွေထွေ အတွင်းရေးမှူး ဦးသန်းမြင့်တို့က ကျေးဇူးတင်ဂုဏ်ပြုစကားများပြောကြားပြီးနောက် ဒေါ်ဆွေဇင်ထိုက်၊ မျိုးဆက်သစ် အင်ဂျင်နီယာအဖွဲ့ ကိုယ်စားလှယ် ဦးရဲမြတ်ထူးနှင့် ဒေါ်အေးအေးမြင့်တို့က အမှတ်တရစကားများ ဆက်လက်ပြောကြားသည်။ ထို့နောက် အမှတ်တရပစ္စည်းများ ပေးအပ်ကာ တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

(က–ပ)

စာဆိုတော်နေ့အထိမ်းအမှတ် မင်္ဂလာတောင်ညွန့်၌ စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၄)တွင် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ၁၁ရက် မွန်းလွဲ၁နာရီက ကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)ထံမှပေးပို့သော စာဆိုတော်နေ့သဝဏ်လွှာကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသက်ဆွေ (ရှေ့ဆောင်တင်ဆွေ)က ဖတ်ကြားသည်။

ထို့နောက် စာရေးဆရာချစ်နိုင်(စိတ်ပညာ)က စာပေရေးရာများ ဟောပြောပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းမြင့်က ဂုဏ်ပြုလက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပိဋကတ်အလှူပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

သာသနာရေးဦးစီးဌာနကကြီးမှူးကျင်းပသော တိပိဋကစာမေးပွဲ၊ ဓမ္မာစရိယ၊ ပထမကြီး၊ ပထမလတ်၊ ပထမငယ်အခြေပြုမူလတန်း စာမေးပွဲများတွင် ထူးချွန်စွာအောင်မြင်တော်မူသော သံဃာတော်များနှင့် သီလရှင်များအား လမ်းမတော်မြို့နယ် အနော်ရထာလမ်း အမှတ်(၁၈၇/၁၈၉)၁၄လမ်းထိပ်ရှိ မြန်မာပြည် ဗုဒ္ဓဘာသာ ပုညကုသလ (ဘီဘီအမ်အေ) အသင်းက ကြီးမှူးကျင်းပသော (၈၅)ကြိမ်မြောက် ပိဋကတ်တော် အလှူပွဲ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းလိုသော စေတနာရှင် အလှူရှင်များသည် ပိဋကတ်တော်စာအုပ်များနှင့် လက်ဆွဲသေတ္တာပါ တစ်စုံလျှင် ကျပ်၃၀၀၀၀၊ ဆွမ်းစရိတ်တစ်ပါးလျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ဇန်နဝါရီ၃၁ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဦးစောဖေညွန့်၊ ဖုန်း–၂၂၅၄၃၈သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ဗလာစာအုပ်များလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၆

တာမွေမြို့နယ် မြန်မာ့ဂုဏ်ရောင်အိမ်ရာ မေတ္တာညွန့်ရပ်ကွက် မြို့ဦး ပရိယတ္တိစာသင်တိုက်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၈၈)ရပ်ကွက် မြို့ဦး တိုက်ခွဲ သာသနမာမက အမှတ် (၁) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ အလှူရှင် ဦးဇော်မင်းဦး၊ ဇနီး ဒေါ်ခင်ခင်လှနှင့် ဝန်ထမ်းများက ဗလာစာအုပ်လှူဒါန်းပွဲကို ဇန်နဝါရီ၁၅ရက်က အဆိုပါကျောင်းတိုက်များ၌ ပြုလုပ်သည်။

ကျောင်းတိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တကုမုဒ(သာသနဓဇ ဓမ္မာစရိယမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံ အလှူရှင်များက ဗလာစာအုပ် ဒါဇင်၂၅၀ကို ဆက်ကပ်လှူဒါန်းကြသည်။

(အပေါ်ပုံ) (ဝ၅၄)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စစ်ကိုင်းတိုင်း ခန္တီးခရိုင် လဟယ်မြို့၌ ကျင်းပသည့် ၂၀၀၅ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အခမ်းအနားတွင် နာဂတိုင်းရင်းသားအကြီးအကဲများအား နိုင်ငံတော်ဝန်ကြီးချုပ်က နာဂတောင်တန်းဒေသများသို့ နှစ်သစ်ကူး မေတ္တာလက်ဆောင်အဖြစ် ပေးအပ်သော လက်ဆောင်ပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

✡ ရှေ့ဖုံးမှ

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအသင်း ဥက္ကဋ္ဌနှင့် လုပ်ငန်းရှင်များနှင့် နိုင်ငံပေါင်းစုံမှ ကမ္ဘာလှည့်ခရီးသည် ၁၀၀ တို့ တက်ရောက်အားပေးကြသည်။

နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားတွင် သဘာပတိအဖြစ် နာဂရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီဝင် ခန္တီးမြို့နယ်မှ ဦးမြတ်ကိုက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် နာဂရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီဝင်များဖြစ်ကြသော လေရှီးမြို့နယ်မှ ဦးကီရှီးမူ၊ လဟယ်မြို့နယ်မှ ဦးမောင်ဉာဏ်၊ ဟုမ္မလင်းမြို့နယ်မှ ဦးဘခွန်နှင့် နန်းယွန်းမြို့နယ်မှ ဦးဇင်ဝမ်တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် ခန္တီးမြို့နယ်မှ ဒေါ်ရှုနားဖိုင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးဆေးဖရော့တို့က ဆောင်ရွက်ကြပြီး အခမ်းအနားအစီအစဉ်များကို မြန်မာ–အင်္ဂလိပ်နှစ်ဘာသာဖြင့် ဖတ်ကြားကြေညာကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးများက ၂၀၀၅ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကိုဖွင့်လှစ်ကြောင်းကြေညာသည်။

နိုင်ငံတော်အလံအလေးပြု

ထို့နောက်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ပွဲတော်သို့တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက်သဘာပတိဦးမြတ်ကိုက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာတွင် မိမိတို့ မြန်မာနိုင်ငံ၌ တိုင်းရင်းသားမျိုးနွယ်စုပေါင်း၁၀၀ကျော်မှီတင်းနေထိုင်ကြပြီး မိမိတို့၏ရိုးရာယဉ်ကျေးမှု၊ ရိုးရာအစဉ်အလာများကို မိမိတို့၏ ဘိုးဘွားအစုအဖွဲ့အလိုက်စောင့်ရှောက်ထိန်းသိမ်းခဲ့ကြခြင်း၊ မိမိတို့မြန်မာနိုင်ငံ၏ ရှည်လျားခိုင်မာသော သမိုင်းအစဉ်အလာတစ်လျှောက်၌ တိုင်းရင်းသားမျိုးနွယ်စုတစ်ခုနှင့်တစ်ခု လေးစားချစ်ကြည်မှု၊ စာနာနားလည်မှု၊ ကြည်ဖြူစွာ ခွင့်လွှတ်မှုနှင့် အပြန်အလှန် ယုံကြည်လေးစားပြီး တညီတညွတ်တည်း နေထိုင်နိုင်ခဲ့ခြင်းစသည့် အစဉ်အလာကောင်းများသည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားပြီး ညီညွတ်မျှတသော လူ့ဘောင်အဖွဲ့အစည်းကိုတည်ထောင်ထားနိုင်သည်ဆိုသည့် အမျိုးသားရေးစည်းလုံးမှုစွမ်းရည်ကို ဖော်ပြနေခြင်းပင် ဖြစ်ကြောင်း။

ယနေ့ ကျင်းပနိုင်ခဲ့သော နာဂရိုးရာ နှစ်သစ်ကူးပွဲတော်သည်လည်း တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အောင်မြင်အောင် တည်ဆောက်နိုင်သည့် အောင်မြင်မှုအောင်ပွဲတစ်ရပ်ကို သက်သေထူနိုင်သည့် ပွဲတော်တစ်ခုဖြစ်ကြောင်း၊ ဤကဲ့သို့အသွင်သဏ္ဌာန်ဆောင်သည့် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်ကို ကြည့်မည်ဆိုလျှင်–

(၁) တိုင်းရင်းသားစည်းလုံး ညီညွတ်မှုကို အထောက်အကူပြုနိုင်ရန်အတွက် နာဂတိုင်းရင်းသားများက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ရန်။

(၂) ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်မပျက်အောင်ထိန်းသိမ်းဆောင်ရွက်သွားရန်။

(၃) မိမိတို့ ယဉ်ကျေးမှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်က ချမှတ်ထားသည့် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး ဦးတည်ချက်(၁၂)ရပ်ကိုလည်း တက်တက်ကြွကြွ ပါဝင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်

ဆိုသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

နာဂတိုင်းရင်းသားအများစုသည် ခန္တီး၊ နန်းယွန်း၊ လဟယ်နှင့် လေရှီးဒေသများ၌ နေထိုင်လျက်ရှိသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ရှေးယခင် အခါများက မိမိတို့မျိုးနွယ်စု ကျေးရွာအလိုက် ကျင်းပခဲ့ကြကြောင်း၊ တပ်မတော်အစိုးရတာဝန်ယူပြီးသည့် ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် နာဂမျိုးနွယ်စုအလိုက် တစ်ဦးနှင့်တစ်ဦး ပိုမိုထိတွေ့ ချစ်ကြည်ရင်းနှီးမှုရရှိစေပြီး တစ်နိုင်ငံလုံး စည်းလုံးညီညွတ်မှုကို အထောက်အကူပြုစေရန်အတွက် ၁၉၈၉ခုနှစ်တွင် နိုင်ငံတော်၏ လမ်းညွှန်မှုဖြင့် နာဂရိုးရာယဉ်ကျေးမှုကော်မတီကို ဖွဲ့စည်းပြီး နယ်ပေါင်းစုံစုပေါင်းပြုလုပ်သည့် ပွဲတော်တစ်ခုအဖြစ် ခမ်းနားစွာ ကျင်းပနိုင်ရေး စီမံဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် ၁၉၉၂ခုနှစ် ဇန်နဝါရီ၁၅ရက်မှစတင်ကာ နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကြီးကို နိုင်ငံတော်အကြီးအကဲများ၊ ဒေသတွင်း အာဏာပိုင်အဖွဲ့အစည်းများနှင့် နာဂတိုင်းရင်းသားကိုယ်စားလှယ်များ စုဝေး၍ ကျင်းပနိုင်ခဲ့ကြောင်း။

ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်တိုနှစ်ရှည်စီမံကိန်းများရေးဆွဲချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ပြည်နယ်နှင့်တိုင်း ဒေသအနှံ့အပြားကဏ္ဍအသီးသီးတွင် ယခင်ကနှင့်မတူဘဲ ထူးခြားစွာဖွံ့ဖြိုးတိုးတက်အောင်မြင်လျက်ရှိသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နိုင်ငံတော်က ဦးစီးပြီး နှစ်စဉ်ကျင်းပနိုင်ခဲ့ခြင်းကြောင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တစ်နှစ်ထက်တစ်နှစ် အရှိန်မြင့်မားအောင် ဆောင်ရွက်နိုင်ခြင်း၊ တောင်ပေါ်နှင့်မြေပြန့်၊မြေပြန့်နှင့်တောင်ပေါ်ဒေသကွာဟမှု နည်းပါးလာကာ တိုင်းရင်းသားမျိုးနွယ်စု တစ်ခုနှင့် တစ်ခုသာမက ပြည်မရှိ တိုင်းရင်းသားများနှင့်လည်း ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိလာခြင်း၊ ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အား နိုင်ငံတကာသို့လည်း သိရှိရအောင် ဖော်ဆောင်နိုင်ခြင်းစသည့်အကျိုးကျေးဇူးရရှိနိုင်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်ပြည်နယ်နှင့်တိုင်းတစ်ဝန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရာတွင် မိမိ၏ ညီအစ်ကိုများဖြစ်သည့် နာဂဒေသကိုလည်း ခေတ်နောက်ကျမကျန်စေဘဲ အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်ပြီး နာဂဒေသကို ပြည်မနှင့် ဆက်သွယ်သွားလာရာတွင် အဓိကကျသော သက္ကယ်ကျင်း–ဟုမ္မလင်း–ခန္တီး ကားလမ်းအားလည်းကောင်း၊ မုံရွာ–ဟုမ္မလင်း–ခန္တီးချင်းတွင်းမြစ်ရေကြောင်းလမ်းအားလည်းကောင်း နှစ်စဉ်တိုးတက်မွမ်းမံပြင်ဆင်ခြင်း၊ ဟုမ္မလင်းလေယာဉ်ကွင်း အသစ်တည်ဆောက်ပြီးခရီးသည်တင်လေယာဉ်များ ပြေးဆွဲနိုင်ခဲ့ခြင်း၊ ခန္တီးလေယာဉ်ကွင်းကိုလည်း တိုးချဲ့ပြင်ဆင်တည်ဆောက်မှုများ ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ဖြင့် ဒေသတွင်း လမ်းပန်းဆက်သွယ်ရေးလွယ်ကူ ချောမွေ့အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် နာဂဒေသအတွင်း တိုက်ရိုက်ဆက်သွယ်သွားလာနိုင်သည့် ခန္တီး–ဆင်သေ–လဟယ်လမ်း ၅၃မိုင်၊ ထမံသီ–လေရှီးလမ်း ၄၁မိုင်ကိုလည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ငွေကျပ်သိန်းပေါင်းများစွာ အကုန်အကျခံကာ ကတ္တရာလမ်းအဖြစ်အဆင့်မြှင့်တိုးချဲ့ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ တောင်ပေါ်နာဂဒေသဖွံ့ဖြိုးရေးလမ်းများဖြစ်သည့် လဟယ်–ကြူယမ်းလမ်း ၅၃မိုင်၊ လဟယ်–ယမ်းကြဲ့လမ်း ၃၂မိုင်၊ အရှိကြိမ်–ထန်ပါခွေလမ်း ၂၈မိုင်၊ ရောင်ကွန်–ကျားဝမ်လမ်း ရှစ်မိုင်၊ လေရှီး–ပန်ဆပ်–ဆွမ္မရာလမ်း ၃၉မိုင် စသည့် တိုးချဲ့လမ်း ခုနစ်လမ်း စုစုပေါင်း ၂၈၆မိုင်ကို ဖောက်လုပ်လျက်ရှိပြီး ယနေ့အထိ ၁၆၁မိုင်ခန့်ဖောက်လုပ်ပြီးဖြစ်ပါကြောင်း၊ ယခုပွင့်လင်းရာသီတွင်လည်း ဖောက်လုပ်ပြီးလမ်းများကို ပြန်လည်ပြုပြင်ခြင်းနှင့်ကျောက်ခင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ဖောက်လုပ်ပြီးလမ်းများ၏ ရေရှည်ခိုင်မာစေရန်အတွက် ဒေသခံတိုင်းရင်းသားများကလည်း ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုကြောင်း၊ သို့မှသာ လမ်းပန်းဆက်သွယ်ရေးအခြေကောင်းမွန်ပြီး ဒေသအတွင်း စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

ဖြည့်တင်းဆောင်ရွက်

ညီအစ်ကိုနွယ်ဖွားနာဂတိုင်းရင်းသားများ၏ တောင်ပေါ်ဒေသ အသီးသီးတွင် ဒေသဖွံ့ဖြိုးရေး၊ တိုးတက်ရေးအတွက် နိုင်ငံတော်နှင့် ဒေသအာဏာပိုင်တို့၏ ယနေ့အထိ ကဏ္ဍအလိုက်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့မှုများကို တင်ပြရမည်ဆိုလျှင် လမ်းတံတားများအတွက် ငွေကျပ် ၂၃၄၄ သိန်းကျော်၊ ကျန်းမာရေးလုပ်ငန်း အတွက် ငွေကျပ် ၁၂၂သိန်းကျော်၊ ပညာရေးလုပ်ငန်းအတွက် ငွေကျပ် ၁၀၆ သိန်းကျော်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းအတွက် ငွေကျပ် သိန်း ၉၀ ကျော်၊ ဆက်သွယ်ရေးလုပ်ငန်းအတွက် ငွေကျပ် ၁၀၆ သိန်းကျော်၊ အိမ်ရာ ဆောက်လုပ်ရေးအတွက် ငွေကျပ် ၁၈၇ သိန်းကျော်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးလုပ်ငန်းအတွက် ငွေကျပ် သိန်း၄၀၀ ကျော်၊ အခြား ထောက်ပံ့မှုများအတွက် ငွေကျပ် ၈၆သိန်းကျော် စုစုပေါင်း ငွေကျပ် ၃၅၄၈ သိန်းကျော် ဖြည့်တင်းဆောင်ရွက်ပေးခဲ့သည်ကိုတွေ့ရမည်ဖြစ်ကြောင်း။

မိမိတို့ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော် အကြီးအကဲ၏ စစ်မှန်သောသွေးစည်းညီညွတ်မှု ဆန္ဒစေတနာများကြောင့် တစ်ချိန်က တောတွင်းလက်နက်ကိုင် အဖွဲ့အစည်း ၁၇ဖွဲ့သည် နိုင်ငံတော်အစိုးရနှင့် လက်တွဲပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိနေရာဒေသ အသီးသီးတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါး ပပျောက်ရေး လုပ်ငန်းခွင်တွင်လည်း အားရကျေနပ်ဖွယ် ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်နေကြပြီး မည်သည့်ခေတ် မည်သည့်အခါကမှ မရရှိခဲ့သော နိုင်ငံအတွင်း စည်းလုံးညီညွတ်ခြင်း၊ တည်ငြိမ်အေးချမ်းမှုနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများအား အရှိန်အဟုန်မြင့်မားစွာဖြင့် ဆောင်ရွက်နေသည်ကို

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အလုပ်အမှုဆောင် (စစ်ကိုင်းတိုင်း တာဝန်ခံ) အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့် စစ်ကိုင်းတိုင်း ခန္တီးခရိုင် လဟယ်မြို့၌ နှစ်စဉ်ကျင်းပသည့် ၂၀၀၅ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်နောင်အနာဂတ်တွင်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းစေရန်အတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုလည်း ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဆိုလျှင် ယင်းမူဝါဒလမ်းစဉ်(၇) ရပ်မှ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကို ပြန်လည်ကျင်းပ ပြုလုပ်လျက်ရှိကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်အောင်မြင်ရန် ညီအစ်ကို နာဂတိုင်းရင်းသားများအနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြမည် ဖြစ်ကြောင်း၊ အချို့အင်အားကြီး နိုင်ငံများနှင့် ပြည်တွင်းပြည်ပ အဖျက်အမှောင့်သမားများ၏ အနှောင့်အယှက် ပိတ်ဆို့မှုများကြားထဲက နိုင်ငံတော်အနေဖြင့် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စေရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ဖြစ်လာစေရေးတို့အတွက် အားသွန်ခွန်စိုက်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိကြောင်း၊ ထို့ကြောင့် ညီအစ်ကိုတော် နာဂတိုင်းရင်းသားများအနေဖြင့် မိမိတို့နိုင်ငံ စည်းလုံးညီညွတ်ပြီး ဖွံ့ဖြိုးတိုးတက်လာမည်ကို မလိုလားသည့် နိုင်ငံအချို့နှင့် ပြည်တွင်းပြည်ပ သစ္စာဖောက် ပုဆိန်ရိုးများ၏ အဖျက်အမှောင့် ဝေဖန်ပြောဆိုမှုများကို နားမယောင်ဘဲ ဒေသအတွင်း တည်ငြိမ်အေးချမ်းရေး ဖွံ့ဖြိုးတိုးတက်ရေးကို ယခုထက် ပိုမိုကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့်နိုင်ငံတော်အစိုးရက တောင်ပေါ် နာဂဒေသအား အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် စေတနာထား ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်ကို သိရှိခံစားနေကြပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ အဘက်ဘက်က အားပေးကူညီနေသည့်အချိန်အခါကောင်းတွင် နာဂတိုင်းရင်းသား ညီအစ်ကိုများအနေဖြင့် ပြည်တွင်းတွင် တည်ရှိပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းသာယာရေး၊ စည်းလုံးညီညွတ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်း အခြေခံကောင်းများကို အစဉ်ထာဝရ တည်တံ့ခိုင်မြဲတိုးပွားစေအောင် နိုင်ငံတော်နှင့် လက်တွဲခိုင်ခိုင် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်အောင်လည်း နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်းဖြင့်ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(စစ်ကိုင်းတိုင်းတာဝန်ခံ) အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် နာဂတိုင်းရင်းသူ ဒေါ်နွေးနွေးယုအောင်က နာဂရိုးရာနှစ်သစ်ကူးပွဲတော်ဖြစ်ပေါ်လာပုံ သမိုင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နှစ်သစ်ကူးလက်ဆောင် ပေးအပ်ခြင်းအစီအစဉ်ကို ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား နာဂရိုးရာယဉ်ကျေးမှုဗဟိုကော်မတီနာယက ဦးလုဖေက နှစ်သစ်ကူး ဂါရဝပြုလက်ဆောင်အဖြစ် နာဂရိုးရာခြုံထည်ကို လွှမ်းခြုံပေးသည်။

ရိုးရာခြုံထည်လွှမ်းခြုံပေး

ထို့နောက် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးအား နာဂအကြီးအကဲ ဦးဟတ္ထိက နှစ်သစ်ကူး ဂါရဝပြုလက်ဆောင်အဖြစ် နာဂရိုးရာခြုံထည်ကို လွှမ်းခြုံပေးသည်။

ယင်းနောက်ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများအား နာဂတိုင်းရင်းသား အကြီးအကဲများက နှစ်သစ်ကူးဂါရဝပြုလက်ဆောင်အဖြစ် နာဂရိုးရာခြုံထည်များကို လွှမ်းခြုံပေးကြသည်။

သဘာပတိ ဦးမြတ်ကိုက စစ်ကိုင်းတိုင်း ခန္တီးခရိုင် လဟယ်မြို့၌ ကျင်းပသည့် ၂၀၀၅ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နှစ်သစ်ကူးလက်ဆောင်ပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက နာဂ တောင်တန်းဒေသများသို့ နှစ်သစ်ကူး မေတ္တာ လက်ဆောင်အဖြစ် ပေးအပ်သော ရုပ်မြင်သံကြားစက်နှင့် ဂြိုဟ်တုစလောင်း လေးစုံတို့ကို နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပေးအပ်ရာ လဟယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်မင်း၊ လေရှီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှထွန်း၊ နန်းယွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးဇင်ဝမ်နှင့် နာဂရိုးရာ ယဉ်ကျေးမှု ဗဟိုကော်မတီဝင် ဦးနောင်ခွန်တို့က အသီးသီး လက်ခံရယူကြသည်။

ဆက်လက်၍နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ပေးပို့လှူဒါန်းသော ခြုံစောင် ၁၅ ထည်နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက လှူဒါန်းသော ခြုံစောင် ငါးထည်စုစုပေါင်း ခြုံစောင်အထည် ၂၀ တို့ကို အတွင်းရေးမှူး(၁)ကိုယ်စား စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးက လဟယ်မြို့နယ်၊ လေရှီးမြို့နယ်နှင့် နန်းယွန်းမြို့နယ်များ ရှိဘုန်းတော်ကြီးကျောင်းများသို့ ပေးအပ်လှူဒါန်းရာ ခန္တီးခရိုင် သာသနာရေးဦးစီးမှူး ဦးမျိုးသူရက လက်ခံယူသည်။

ထောက်ပံ့လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က နာဂတိုင်းရင်းသားများ အတွက် ပညာရေးငွေပဒေသာပင် အဖြစ် ငွေကျပ် ငါးသိန်း၊ ကျန်းမာရေး ဆေးပဒေသာပင်အဖြစ် ငွေကျပ် ငါးသိန်း၊ ခြုံထည် ၁၅ထည်၊ ကက်ဆက် ၁၅လုံး၊ အဝတ်အထည် နှစ်ထုပ်၊ ပေါက်ပြား အလက် ၅၀၀၊ ဂျာကင်အထည် ၂၀၊ လည်ဆွဲပုတီးအကုံး ၃၃၁၀နှင့် ရောင်စုံပုတီးများကို ထောက်ပံ့လှူဒါန်းရာ လဟယ်မြို့နယ် မှတာဝန်ရှိသူများ၊ နာဂအကြီးအကဲများနှင့် မြို့နယ်နာဂရိုးရာအကအဖွဲ့ ခေါင်းဆောင်တို့က လက်ခံယူကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးက နာဂရိုးရာ နှစ်သစ်ကူးပွဲတော် ကျင်းပနိုင်ရေးအတွက် ဆန်နှင့် စားသုံးဆီ စသည့် ပံ့ပိုးပစ္စည်းများ၊ ခြုံထည်များကို နာဂရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီ နာယက ဦးလှဖေနှင့် နာဂအကြီးအကဲ ဦးဝါလိုတို့အားလည်းကောင်း၊ လေရှီးမြို့နယ်ဝန်ထမ်းများ သွားလာမှု အဆင်ပြေစေရေးအတွက် မော်တော်ယာဉ်တစ်စီးကို လေရှီးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌအားလည်းကောင်း ထောက်ပံ့ပေးအပ်လှူဒါန်းသည်။

လက်ခံယူ

ထို့နောက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(စစ်ကိုင်းတိုင်းတာဝန်ခံ) အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများအား ရုပ်မြင်သံကြားစက်တစ်လုံးစီ၊ နာဂရိုးရာပွဲတော်ကျင်းပရေးပွဲတော်ရန်ပုံငွေအတွက် ငွေကျပ်သုံးသိန်း၊ လေရှီးမြို့နယ်ရှိ ဥရုဝေလဘုရားအုတ်တံတိုင်းကာရံခြင်းအတွက် ငွေကျပ်နှစ်သိန်း၊ နန်းယွန်းမြို့နယ်၊ လေရှီးမြို့နယ်နှင့် လဟယ်မြို့နယ်တို့အတွက် အဝတ်အထည်များနှင့် ဆားအိတ်များ၊ စောင်အထည် ၂၀၀နှင့် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က နာဂတိုင်းရင်းသားများအတွက်လက်ဆောင်အဖြစ် ရုပ်မြင်သံကြားစက် သုံးလုံး၊ တီဗွီအင်တင်နာနှင့်စောင်များ၊ တဘက်များ၊ စာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ရာ လဟယ်မြို့နယ်၊ နန်းယွန်းမြို့နယ်နှင့် လေရှီးမြို့နယ်တို့မှ တာဝန်ရှိသူများက လက်ခံယူကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက ခန္တီးခရိုင်အတွင်း သာသနာပြုလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ် ၁၅ သိန်း၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းထားသော သင်္ကန်း၊ ဖိနပ်နှင့် ဘုန်းတော်ကြီးကျောင်းရှစ်ကျောင်း ပြုပြင်ရန်အတွက် ဆောက်လုပ်ရေး ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ခရိုင်သာသနာရေးဦးစီးမှူး ဦးမျိုးသူရက လက်ခံယူသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက အလှူငွေများ၊ လက်ဆောင်ပစ္စည်းများကို နာဂတိုင်းရင်းသား အကြီးအကဲများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအား အသီးသီး ပေးအပ်ကြသည်။

ထို့နောက် ကမ္ဘာလှည့်ခရီးသည်များက နာဂရိုးရာယဉ်ကျေးမှုအက အဖွဲ့များသို့ ငွေကျပ် နှစ်သိန်းငါးသောင်းကို လက်ဆောင်အဖြစ် ပေးအပ်ရာ နာဂတိုင်းရင်းသားအက အဖွဲ့ခေါင်းဆောင် သုံးဦးတို့က လက်ခံယူကြသည်။

ဂုဏ်ပြုဆုများချီးမြှင့်

ဆက်လက်၍ ၂၀၀၃ - ၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် လဟယ်မြို့နယ်နှင့် လေရှီးမြို့နယ်တို့မှ ကျောင်းသား ကျောင်းသူများအား နယ်မြေခံတပ်ရင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးရှုစ်ကြူးက ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး ၂၀၀၅ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များ၊ ကမ္ဘာလှည့်ခရီးသည်များအား နာဂတိုင်းရင်းသား တိုင်းရင်းသူများက နာဂရိုးရာ အစားအစာများဖြင့် ဧည့်ခံကျွေးမွေးကြသည်။

ထို့နောက် နာဂတိုင်းရင်းသား တိုင်းရင်းသူများက နာဂရိုးရာ အကများဖြင့် ကပြဖျော်ဖြေကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် နာဂရိုးရာ ယဉ်ကျေးမှု ဗဟိုကော်မတီဝင်များ၊ နာဂတိုင်းရင်းသား အကြီးအကဲများ၊ နာဂတိုင်းရင်းသား တိုင်းရင်းသူများ၊ ရိုးရာယဉ်ကျေးမှု အကအဖွဲ့ဝင်များနှင့် အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံများ ရိုက်ကြသည်။

၂၀၀၅ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အောင်မြင်ခြင်းအထိမ်းအမှတ် မီးပုံပွဲကို ည ၇နာရီတွင် လဟယ်မြို့ ရိုးရာအားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များ၊နာဂရိုးရာ ယဉ်ကျေးမှု ဗဟိုကော်မတီဝင်များ၊ နာဂ တိုင်းရင်းသား အကြီးအကဲများ၊ နာဂတိုင်းရင်းသား တိုင်းရင်းသူများ၊ ရိုးရာယဉ်ကျေးမှု အကအဖွဲ့ဝင်များနှင့် နိုင်ငံပေါင်းစုံမှ ကမ္ဘာလှည့်ခရီးသည်များ တက်ရောက်ကြသည်။

မီးပုံပွဲဖွင့်လှစ်

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ပွဲတော်စင်မြင့်ပေါ်တွင် မီးကွင်းကိုမီးရှို့၍မီးပုံပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် လဟယ်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက 'ဓာတိမာန်' သီချင်းကို စုပေါင်းသီဆိုကြသည်။

ယင်းနောက် နာဂရိုးရာယဉ်ကျေးမှုအကအဖွဲ့များက နာဂရိုးရာအကများဖြင့် ဖျော်ဖြေကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ကမ္ဘာလှည့်ခရီးသည်များသည် မီးပုံပွဲတွင် ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြပြီး မီးပုံပွဲကို ရုပ်သိမ်းလိုက်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် နာဂရိုးရာနှစ်သစ်ကူးပွဲတော် မကျင်းပမီနံနက်ပိုင်းတွင် ပွဲတော်အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ထားသည့် နာဂရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီ၏ နာဂရိုးရာအမှတ်တရပစ္စည်းအရောင်းဆိုင်၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းပြခန်း၊ လဟယ်မြို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ စိုက်ပျိုးရေးပြခန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြခန်း၊ ကျန်းမာရေးပညာပေးပြခန်း၊ လဟယ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အခမဲ့ဆေးပေးခန်းနှင့် လဟယ်မြို့နယ် ကျန်းမာရေးဦးစီးဌာန၏ အထူးကုဆေးခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် အားကစားပြိုင်ပွဲအဖြစ် နံနက်ပိုင်းမှ ညနေပိုင်းအထိ မီနီမာရသွန်၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ သံလုံးပစ်၊ သံပြားပစ်၊ လှံတံပစ်၊ ခေါင်းအုံးရိုက်နှင့် လွန်ဆွဲပွဲများကို ကျင်းပရာ နာဂတိုင်းရင်းသား တိုင်းရင်းသူ အားကစားမောင်မယ်များ ပါဝင်ယှဉ်ပြိုင်ကြပြီး အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များ စစ်ကိုင်းတိုင်း ခန္တီးခရိုင် လဟယ်မြို့၌ကျင်းပသော ၂၀၀၅ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်တွင် နာဂတိုင်းရင်းသားအကြီးအကဲများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

❐ ကျောဖုံးမှ

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်း၊ တပ်မတော်ဆေးတက္ကသိုလ်ကိုယ်စားပြုစစ်တီးဝိုင်း၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်း၊ အမှတ်(၆)စစ်အခြေခံ လေ့ကျင့်ရေးတပ်ကိုယ်စားပြုစစ်တီးဝိုင်း၊ အမှတ်(၈၈)ခြေမြန် တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းနှင့်မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းများ ယှဉ်ပြိုင်ကြသည်။

တီးမှုတ်ယှဉ်ပြိုင်

ထိုသို့ ယှဉ်ပြိုင်ရာတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက တူယှဉ်ကာတိုက်စို့ တပ်မတော်စစ်ချီတေးများဖြင့်လည်းကောင်း၊ တပ်မတော်ဆေးတက္ကသိုလ် ကိုယ်စားပြု စစ်တီးဝိုင်းက တူယှဉ်ကာတိုက်စို့၊ အေးချမ်းဖွံ့ဖြိုး အလှတိုးရန် ဒို့တပ်မတော် အားမာန်၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော် စစ်ချီတေးများဖြင့် လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက ဒို့တပ်မတော် စစ်ချီတေးဖြင့်လည်းကောင်း၊ အမှတ် (၆) စစ်အခြေခံလေ့ကျင့်ရေးတပ် ကိုယ်စားပြု စစ်တီးဝိုင်းက ထာဝစဉ်နှပျိုနေတဲ့ ဒို့တပ်မတော်၊ အောင်ပွဲရတဲ့ ဒို့စစ်သည်၊ မျိုးချစ်ဓာနည် စစ်ချီတေးများဖြင့် လည်းကောင်း၊ အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းက ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ ထာဝစဉ်နှပျိုနေတဲ့ ဒို့တပ်မတော် တပ်မတော်စစ်ချီတေးများဖြင့်လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းက တူယှဉ်ကာတိုက်စို့၊ ကျန်ရှိသေးသော တာဝန်တစ်ရပ်စစ်ချီတေးများဖြင့်လည်းကောင်း သရုပ်ဖော်ပြကွက်များဖြင့် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

ဆက်လက်၍ (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်း ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက အလှသရုပ်ပြတီးမှုတ်ဖျော်ဖြေကြသည့် ပန်းဘဲတန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းနှင့် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဘင်ခရာအဖွဲ့များကိုယ်စား အဖွဲ့ခေါင်းဆောင်တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယနေ့ကျင်းပသည့် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲသို့ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ အမှတ်ပေးအကဲဖြတ်အဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိစစ်သည်များနှင့် မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

တိုင်းရင်းသားများ ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိလာ

❐ နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို နိုင်ငံတော်က ဦးစီးပြီး နှစ်စဉ် ကျင်းပနိုင်ခဲ့၊

❐ ဒေသအတွင်း တည်ငြိမ်အေးချမ်းပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တစ်နှစ်ထက်တစ်နှစ် အရှိန်မြင့်မား၊

❐ ဒေသကွာဟမှုနည်းပါးလာကာ တိုင်းရင်းသားမျိုးနွယ်စု တစ်ခုနှင့်တစ်ခု သာမက ပြည်မရှိ တိုင်းရင်းသားများနှင့်လည်း ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိလာ၊

❐ ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ ဖြိုးတိုးတက်မှုတို့အား နိုင်ငံတကာသို့လည်း သိရှိရအောင် ဖော်ဆောင်။

ကျေးလက်ဒေသ သောက်သုံးရေဖူလုံရေး လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၁၆

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မစက်ရေတွင်း အနက်ပေ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ်၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက် ပေ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ်၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

ဆက်သွယ်လှူဒါန်းနိုင်

စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၅ ၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း-၀၁-၂၈၁၉၆၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၁၀၁၂၊ ညွှန်ကြားရေးမှူး (မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး (မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၃၄၆၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသတင်းရရှိသည်။ **(နယ်စပ်စည်ပင်)**

The Flower News ဂျာနယ် အတွဲ(၁)၊ အမှတ်(၁၂)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၆

ဘိုးအင်း ၇၄၇ ဆင်းသက်နိုင်မည့် အနီးစခန်းလေယာဉ်ကွင်းသစ်တည်ဆောက်နေ၊ ပြင်ဦးလွင်သည် ကမ္ဘာလှည့်များ အပန်းဖြေတောင်စခန်းမြို့ဖြစ်လာဖွယ်ရှိ၊ မူဆယ်တွင် ခေတ်မီစစ်ဆေးရေးကိရိယာများဖြင့် နယ်စပ်အဝင်အထွက် ကုန်စည်များစစ်ဆေးတော့မည်၊ မြန်မာနိုင်ငံမှ ဥရောပမြို့ကြီး ၁၂မြို့သို့တောက်လျှောက်သွားနိုင်ပြီ၊ ငှက်အော်သံအတုဖြင့် ဧဝဇိုးငှက်များကိုလှည့်စားဖမ်းဆီးမှုများလာ အစရှိသည့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ထွက်ရှိနေပြီဖြစ်သည်။

ဆူနာမီကိုလန့်နေရသည့်အထဲ ထူးကဲဒီရေ လာထပ်လှန့်ပြန်၊ လက်ကိုင်ဖုန်း ဖန်သားပြင်ပေါ်သို့ ရုပ်သံရောက်ပြီ၊ ကြွက်များက ဘာသာစကားကို ခွဲခြားသိနိုင်၊ ကျားနှင့်မ စားသောက်ပုံ ဘာကြောင့်ခြားနားနေသလဲ၊ ကမ္ဘာ့ဘဏ်အတွက် အကြီးအကဲရှာဖွေနေရ အစရှိသည့် နိုင်ငံတကာ မျက်မှောက် သတင်းများ၊ ကျန်းမာရေး၊ စီးပွားရေး၊ အားကစား၊ ဖျော်ဖြေရေး ကဏ္ဍစုံလင်စွာကို e-Empire Media House ဖုန်း-၇၀၃၈၁၃ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သိရသည်။ **(က-ပ)**

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် အမြန်ဖြစ်ပေါ်လာရေး

တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာ စုပေါင်းလုံ့လပြု ကြိုးပမ်း

အောင်မိုးခံ

သင့်မြတ်စည်းလုံးရေးနဲ့ တည်ငြိမ်အေးချမ်းရေးဟာ လူ့အဖွဲ့အစည်းရဲ့ ကောင်းကျိုးချမ်းသာ အဖြာဖြာကိုပေးပါတယ်။ မသင့်မြတ်ဘူး၊ မတည်ငြိမ်ဘူးဆိုရင် လူ့အဖွဲ့အစည်းအဖို့ လူမှုဒုက္ခအဝဝကိုသာ သက်ရောက်စေပါတယ်။ ဒါကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးမှာ အမျိုးသားသင့်မြတ်စည်းလုံးရေးကို ဦးတည်ကြိုးပမ်းနေကြတာ ဖြစ်ပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံမှာ အမျိုးသား ပြန်လည်သင့်မြတ်စည်းလုံးရေးဟာ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနဲ့ ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာရေးအတွက် မဖြစ်မနေလိုအပ်တဲ့ ရေခံ၊ မြေခံ၊ အခြေခံပဲ ဖြစ်ပါတယ်။ ဒါကြောင့် တည်ဆဲ တပ်မတော်အစိုးရဟာ နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်ကစပြီး အမျိုးသား ပြန်လည်သင့်မြတ်စည်းလုံးရေးကို ဦးတည်ကြိုးပမ်းလာခဲ့ပါတယ်။ ဒါမှသာ နိုင်ငံတော် တည်ငြိမ်အေးချမ်းလာမယ်၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းလာမှသာ ပွားစီးတိုးတက်သော ဈေးကွက်စီးပွားရေးစနစ်နဲ့ ဒီမိုကရေစီ ရှင်သန်ထွန်းကားလာနိုင်မယ်၊ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်မယ် ဖြစ်ပါတယ်။ ဒါတွေကို အဆင့်ဆင့် အကောင်အထည်ဖော်နေတဲ့ တပ်မတော်အစိုးရရဲ့ မွန်မြတ်တဲ့ဦးတည်ချက် (၁၂)ရပ်ကို အထင်အရှား တွေ့ရှိနိုင်ပါတယ်။

မြန်မာ့သမိုင်း သင်ခန်းစာကို ပြန်ကြည့်မယ်ဆိုရင်လဲ ဒုတိယကမ္ဘာစစ်ကြီး အဝင်အထွက်ဒဏ်ကို မရှုမလှ နှစ်ကြိမ်တိုင်ခံလာရတဲ့ မြန်မာနိုင်ငံကို လွတ်လပ်စကာလမှာ တစ်မျိုးသားလုံးစည်းလုံးညီညွတ်မှုနဲ့ ပြန်လည်ထူထောင်ရမယ့်အစား တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲပြီး ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခမီးကြီး ဆက်လက် လောင်ကျွမ်းခဲ့ပါတယ်။ အဲဒီလို လက်နက်ကိုင်ပဋိပက္ခနဲ့ ကြုံခဲ့ရတဲ့ တိုင်းရင်းသားတွေရဲ့ အသက်ပေါင်း ဘယ်လောက်ဆုံးရှုံးခဲ့တယ်၊ ပြည်သူတို့ရဲ့ အသက်အိုးအိမ် စည်းစိမ်ဥစ္စာတွေ ဘယ်လောက် ဆုံးရှုံးခဲ့တယ်၊ နိုင်ငံရဲ့ စီးပွားရေး ကုန်လုပ်စွမ်းအားစုတွေ ဘယ်အထိ ဗုန်းဗုန်းလဲကျပျက်စီးခဲ့ရတယ်ဆိုတဲ့ သမိုင်းစဉ်ကြီးကို အထင်းသား မြင်နိုင်တွေ့နိုင်ပါတယ်။ အဲဒီလို တိုင်းရင်းသား ညီအစ်ကိုချင်း သွေးမြေကျလက်နက်ကိုင် ပဋိပက္ခမီးကို ယခင်အစိုးရအဆက်ဆက်ဟာ ဘယ်လိုမှ ငြိမ်းသတ်နိုင်စွမ်းမရှိခဲ့ပါဘူး။

ဒီကနေ့ တည်ဆဲ တပ်မတော်အစိုးရလက်ထက်ကျမှသာ အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေးကို ဘယ်ခေတ်ဘယ်အခါနဲ့မှမတူအောင် ဆောင်ရွက်လာနိုင်ခဲ့တယ်။ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကိုလဲ နယ်စပ်ဒေသများပါမကျန် ဘယ်ခေတ်ဘယ်အခါနဲ့မှမတူအောင် ထူထောင်လာနိုင်ခဲ့တယ်။ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေတဲ့ ဒေသများကတော့ ကချင် အထူးဒေသ(၁)၊ ကချင် အထူးဒေသ(၂)၊ ကိုးကန့်ဒေသ၊ ‘ဝ’ဒေသ၊ ရှမ်းဒေသ၊ ကချင်အရှေ့မြောက်ဒေသ၊ ပလောင်ဒေသ၊ ပအိုဝ်းဒေသ၊ ကယားဒေသ၊ မော်ဖဒေသ၊ ကျိုင်းတုံအရှေ့ဒေသ၊ မွန်ဒေသ၊ ကရင်ဒေသ၊ တနင်္သာရီဒေသ၊ ရခိုင်ဒေသ၊ ချင်းဒေသ၊ စစ်ကိုင်းတိုင်း ကဘော်ချိုင့်ဝှမ်းဒေသနဲ့ နာဂဒေသတို့ ဖြစ်ပါတယ်။

နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေတဲ့ ပြည်နယ်ခုနစ်ခု၊ တိုင်းခုနစ်ခုအတွင်းရှိ ဒေသ၁၈ခုရဲ့ အကျယ်အဝန်းဟာ ၈၃၄၁၅ ဒသမ ၃၄ စတုရန်းမိုင်နီးပါး ရှိပါတယ်။ အကျုံးဝင်တဲ့ မြို့နယ်ပေါင်း ၆၈မြို့နယ်အတွင်း လူဦးရေ ၅ဒသမ၃သန်းကျော် နေထိုင်ပြီး၊ တိုင်းရင်းသားလူမျိုးစုအနေဖြင့် လူမျိုးစုအားလုံးရဲ့၄၆ရာခိုင်နှုန်းကျော် နေထိုင်ပါတယ်။ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်တဲ့ဒေသတွေလဲ ဖြစ်ပါတယ်။

ဒါကြောင့် စီးပွားရေးကွာဟမှုကို အခြေခံတဲ့ တိုင်းရင်းသားချင်း ပဋိပက္ခပြဿနာတွေလဲ ပြေလည်သင့်မြတ်လာခဲ့ပါတယ်။ ဒီကနေ့ဆိုရင် အစိုးရအဆက်ဆက်ကို ဆန့်ကျင်လာခဲ့ကြတဲ့ တိုင်းရင်းသား တောတွင်းလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လက်တွဲလာပြီ ဖြစ်ပါတယ်။ ဒါဟာ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်လာမှုပဲ ဖြစ်ပါတယ်။ **ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အသီးသီးတို့ဟာလဲ မိမိတို့ဒေသဖွံ့ဖြိုးရေးကို တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြပြီ ဖြစ်ပါတယ်။ ဒါ့အပြင် ကျင်းပဆဲအမျိုးသားညီလာခံကြီးမှာ ပြည်ထောင်စုဖွား တိုင်းရင်းသား ကိုယ်စားလှယ်များနဲ့အတူ ပါဝင်တက်ရောက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်လာရေး သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေကြပြီလဲဖြစ်ပါတယ်။**

ဒီကနေ့လို ပြည်ထောင်စုဖွား တိုင်းရင်းသား တောတွင်းလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လက်တွဲလာကြတဲ့ အကြောင်းရင်းကို ဆန်းစစ်ကြည့်မယ်ဆိုရင်–

(၁) တည်ဆဲတပ်မတော်အစိုးရရဲ့ အပြောနဲ့အလုပ် ညီညွတ်သော စေတနာမှန်ကို ယုံကြည်လက်ခံလာမှု၊

(၂) တိုင်းရင်းသားချင်း သွေးမြေကျ လက်နက်ကိုင်ပဋိပက္ခ ဆိုးကျိုးတွေအပေါ် သိမြင်ဆင်ခြင်လာမှု၊

(၃) ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်းသာ ဆိုးတူကောင်းဖက် အေးအတူပူအမျှ သေအတူရှင်မကွာ ဖြစ်တယ်ဆိုတဲ့ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် ခိုင်မြဲနေမှု၊

(၄) ပြည်ပမှ သွေးထိုးမြှောက်ပင့်မှုအန္တရာယ်ကို သိမြင်ဆင်ခြင်လာမှု

တို့ကြောင့် ဖြစ်ပါတယ်။ ကျန်ရှိနေတဲ့ မြေပေါ်မြေအောက်ပါတီ အဖွဲ့အစည်းများကိုလဲ အခုလိုတိုင်းရင်းသားချင်း ပြန်လည်သင့်မြတ် စည်းလုံးလာအောင် နိုင်ငံတော်အစိုးရက ဆက်လက်ကြိုးပမ်းနေဆဲ ဖြစ်ပါတယ်။

အမျိုးသားသင့်မြတ်စည်းလုံးရေးနဲ့ ပတ်သက်လို့ ဒေါက်တာကျော်စိန်ရဲ့ **တို့ချစ်သည့်တို့နိုင်ငံတော်** စာအုပ်နိဂုံးပိုင်းမှာ အခုလို ဖော်ပြထားပါတယ်။

“တို့နိုင်ငံတော်သည် အရှေ့တောင်အာရှတွင် တိုင်းပြည်ကြီး နှစ်ခုကြားမှ တိုင်းပြည်ငယ်လေးတစ်ခုမျှသာ ဖြစ်သော်လည်း နှစ်ပေါင်းထောင်ချီ၍ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် နေထိုင်ခဲ့သော တိုင်းပြည်ဖြစ်၏။ မြေသြဇာ ထက်သန်သလောက် သယံဇာတ ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံလည်းဖြစ်၏။

တို့နိုင်ငံသားတို့ကား တောင်ပေါ်တောင်အောက်၊ မြစ်ဝှမ်းစသည်ဖြင့် နေရာဒေသ ကွဲပြားကြသော်လည်း အတူတူနေခဲ့သည့်ကာလကား နှစ်ပေါင်းထောင်သောင်းချီခဲ့ပေပြီ။ ထင်ရှားလှသော ကရင်၊ ကယား၊ ကချင်၊ ချင်း၊ မွန်၊ ရခိုင်၊ ဗမာ၊ ရှမ်းတို့အပြင် လူမျိုးစုငယ် အများအပြားရှိသော်လည်း တို့နိုင်ငံသားအားလုံးမှာ မွန်ဂိုလွိုက်လူမျိုးကြီးမှ ဆင်းသက်လာကြသူများဖြစ်၍ တစ်သွေးတစ်သား တစ်စိတ်တစ်ပုံစံတည်း ဖြစ်ကြပေသည်။ တို့လူမျိုးစုတွင် ဆံပင်အဝါ မျက်လုံးအပြာမရှိ၊ ဆံပင်အနက်နှင့် မျက်လုံးအညိုချည်းများ ပေသည်။ တောင်ပေါ်တွင် နေသည်ဖြစ်စေ၊ တောင်အောက်တွင် နေသည်ဖြစ်စေ တို့တစ်တွေသည် သည်မြေမှဖွားသည့် သည်မြေသားတွေ ဖြစ်၏။ သည်ရေကိုသောက်၍ သည်မြေပေါ်မှာ ထွန်ယက်စိုက်ပျိုး စားသောက်ခဲ့ကြသည်မှာ နှစ်ပရိစ္ဆေဒ ရှည်ကြာခဲ့ပေပြီ။ ဆက်လက်၍လည်း သည်မြေမှာနေ၍ သည်မြေပေါ်မှာပင် သေကြမည့်သူများဖြစ်ကြပေရာ တို့ဘိုးဘွားအမွေအစစ်ဖြစ်သော တို့ပြည်တို့မြေကို တို့တစ်တွေချစ်မြတ်နိုးစွာ ကာကွယ်စောင့်ရှောက်ရမည်မှာ မွေးရာပါ တာဝန်တစ်ရပ် ဖြစ်ပေသည်။”

ဒီကနေ့ဟာ အဲဒီလို တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ် အပြည့်အဝနဲ့ ဒီမိုကရေစီနိုင်ငံတော်ကို တစ်မျိုးသားလုံး ထူထောင်သွားရမယ့်အချိန်အခါ ဖြစ်ပါတယ်။ **အမျိုးသား သင့်မြတ်စည်းလုံးရေး လမ်းမှန်ပေါ်ကို မရောက်သေးတဲ့ ပါတီအဖွဲ့အစည်းများအနေနဲ့ ပြည်ပအကြံဉာဏ်ယူပြီး ပြည်ပနဲ့တိုင်ပင်ကာ ပြည်ပအလိုကျလမ်းကိုသာ တစ်ဖက်စွန်းလျှောက်လှမ်းနေမှုဟာ အမျိုးသား ပြန်လည်သင့်မြတ်စည်းလုံးရေးရဲ့ အဆိပ်အတောက်တွေသာ ဖြစ်တယ်ဆိုတဲ့ သင်ခန်းစာကို ယူသင့်ပါပြီ။ ပြည်သူ့အကျိုးကို အမှန်တကယ် သယ်ပိုးချင်တယ်ဆိုရင် အစိုးရလုပ်သမျှကို အဆိုးမြင်နဲ့သာ အစဉ်တစိုက်ကြည့်တဲ့ လမ်းစဉ်ကိုစွန့်လွှတ်ဖို့ ဖြစ်ပါတယ်။ အရာရာကို ပကတိဘဝနဲ့ကင်းပြီး မရှုမြင်ဖို့ဖြစ်ပါတယ်။**

တည်ဆဲတပ်မတော် အစိုးရရဲ့ ပကတိရည်မှန်းချက်ဟာ ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံတော်ကို ဘယ်လိုထူထောင်မလဲ။ မူဝါဒလမ်းစဉ်(၇)ရပ်နဲ့ ထူထောင်မယ်။ အခုလို ထူထောင်သွားမှာ ဖြစ်ပါတယ်။

ပထမအဆင့် – ၁၉၉၆ခုနှစ်က စတင်၍ ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပမယ်။ အခုဆိုရင် အမျိုးသားညီလာခံကြီးရဲ့ ပထမပိုင်းကို အောင်မြင်စွာ စတင်ကျင်းပခဲ့ပြီး ဖြစ်ပါတယ်။ လာမယ့် ဖေဖော်ဝါရီလ၁၇ရက်နေ့မှာ ဆက်လက်ကျင်းပသွားမယ်။

ဒုတိယအဆင့် – အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးသည့်အခါ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးအတွက် လိုအပ်သော ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်မယ်။

တတိယအဆင့် – အမျိုးသားညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့် မူများနှင့် အသေးစိတ်အခြေခံရမည့် မူများနှင့်အညီ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ရေးဆွဲမယ်။

စတုတ္ထအဆင့် – ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ အတည်ပြုမယ်။

ပဉ္စမအဆင့် – ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပမယ်။

ဆဋ္ဌမအဆင့် – ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေးများ ကျင်းပမယ်။

သတ္တမအဆင့် – လွှတ်တော်က ရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများ၊ လွှတ်တော်က ဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများက ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်မယ်။

အခုလို မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ ဒီမိုကရေစီနိုင်ငံတော် ထူထောင်နေပါပြီ ဆိုတာကို သိလျက်နဲ့ မလိုမုန်းထား ဖျက်လိုဖျက်ဆီး လုပ်နေကြတဲ့ ပြည်တွင်းပြည်ပ အဖျက်အန္တရာယ်ကို တွန်းလှန်တိုက်ဖျက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော် အမြန်ဖြစ်ပေါ်လာရေးအတွက် တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာ စုပေါင်းလုံ့လပြု ကြိုးပမ်းသွားကြဖို့ ဖြစ်တယ် ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

အခုလို မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ ဒီမိုကရေစီနိုင်ငံတော် ထူထောင်နေပါပြီ ဆိုတာကို သိလျက်နဲ့ မလိုမုန်းထား ဖျက်လိုဖျက်ဆီးလုပ်နေကြတဲ့ ပြည်တွင်းပြည်ပ အဖျက်အန္တရာယ်ကို တွန်းလှန်တိုက်ဖျက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် အမြန်ဖြစ်ပေါ်လာရေး အတွက် တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာ စုပေါင်းလုံ့လပြု ကြိုးပမ်းသွားကြဖို့ဖြစ်တယ်။

ဇန်နဝါရီ ၄ ရက် နေ့ က (၅၇)နှစ်မြောက် လွတ် လပ် ရေး နေ့ အထိမ်း အမှတ် ရွှေနံ့သာ ကျေးရွာ အုပ်စု ပတ္တမြား မြို့သစ် အားကစား ကွင်း တွင် ဘောလုံး နှင့် ပြေးခုန်ပစ် ပြိုင်ပွဲများ ကျင်း ပရာ အနိုင်ရရှိသွားသော ရော်ကာ အသင်းအား ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးချစ်မောင်နှင့် ရပ်မိရပ်ဖများက ဆုချီးမြှင့်စဉ်။ (က–ပ)

နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များ ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံ ဆရာဝန်အသင်း နား၊ နှာခေါင်း၊ လည်ချောင်းရောဂါပညာအဖွဲ့၏ (၁၅)ကြိမ်မြောက် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များညီလာခံကို လာမည့် မတ် ၈ရက်မှ ၁၂ရက်အထိ ကျင်းပမည်ဖြစ်သည်။

ညီလာခံတွင် အကြိုအလုပ်ရုံဆွေးနွေးပွဲကို မတ် ၈ရက်တွင် လည်းကောင်း၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီးတွင် သရုပ်ပြခွဲစိတ်မှုကို မတ်၉ရက်တွင် ဗြိတိန်နိုင်ငံမှ နား၊နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီး ဒေါက်တာရော်ဘင်ယန်းနှင့်အဖွဲ့ကလည်းကောင်း ပြုလုပ်မည်ဖြစ်သည်။

ညီလာခံတွင် ခေတ်မီ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါနှင့်ဆိုင်သော ပြဿနာများကို တင်ပြဆွေးနွေးခြင်း၊ လည်ပင်းကြီး အကျိတ်ကင်ဆာရောဂါကို ကုသခြင်းအကြောင်း ဆွေးနွေးခြင်း၊ မြန်မာပြည်အနှံ့မှ နား၊ နှာခေါင်း၊ လည်ချောင်း ဆရာဝန်ကြီးများ၏ စာတမ်းဖတ်ကြားခြင်း အစီအစဉ်များ ပါရှိမည်ဖြစ်သည်။ **(သတင်းစဉ်)**

ကျောက်တံခါးမြို့နယ်တွင် ကျေးရွာစာကြည့်တိုက်များဖွင့် အလှူရှင်များက သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်း

ကျောက်တံခါး ဇန်နဝါရီ ၁၃

ကျောက်တံခါးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းစိုးစံပြကျေးရွာအုပ်စုအတွင်းရှိ သဲကောကျေးရွာ၊ ထိန်တောကျေးရွာ၊ နရွဲပင်ကျေးရွာ၊ ကင်မွန်းချုံကျေးရွာ၊ ကျောင်းစိုးကျေးရွာနှင့် ငွေးကုန်းကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များ ဖွင့်ပွဲကို ဇန်နဝါရီ၉ရက်က အဆိုပါကျေးရွာများတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်ဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်လှလှဦး၊ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးချစ်ရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဇော်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်လှလှဦးက စာကြည့်တိုက် များဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့ရေးရှင်းလင်းပြောကြားသည်။

ထို့နောက် အမှတ်(၁)စက်မှုဝန်ကြီးဌာန မော်တော်ယာဉ်ဌာနမှ ဦးမျိုးမြင့်-ဒေါ်ခင်စန်းတင့်နှင့် အလှူရှင်များက သုတ၊ ရသစာအုပ် ၅၀၀ကျော်ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးချစ်ရီက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြောင်းမြမြို့တွင် မထသရုံးခန်းသစ်ဖွင့် ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကျင်းပ

မြောင်းမြ ဇန်နဝါရီ ၇

ဧရာဝတီတိုင်း မြောင်းမြခရိုင် မြောင်းမြမြို့ မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေး အသင်း (မထသ)ဆိုင်းဘုတ်တင်ပွဲနှင့်ရုံးခန်း သစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ရက်နံနက် က အဆိုပါရုံးသစ်ရှေ့၌ ကျင်းပရာ မြောင်းမြခရိုင်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယ ဗိုလ်မှူးကြီးကြည်ထွင့်ဝင်းတက်ရောက် အားပေးသည်။

ဆိုင်းဘုတ်တင်ပွဲကျင်းပ

အစီအစဉ်အရ မြို့နယ်မော်တော် ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး အသင်းဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက စုပေါင်း၍ ဆိုင်းဘုတ်တင်ပွဲ အခမ်း အနားကျင်းပပြီးအသင်းဥက္ကဋ္ဌဦးအေး မော်က မြောင်းမြခရိုင်အေးချမ်းသာ ယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ ဝင်(၁)ခရိုင်ရဲတပ်ဖွဲ့မှူးရဲမှူးနေမျိုးသူ **(အပေါ်ပုံ)**နှင့်မြို့နယ်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး ဦးဇော်မင်းထွန်းတို့သို့ ရုံးသစ် ဖွင့်ပွဲအထိမ်းအမှတ်အလံများငယ်ပေး အပ်သည်။ **(ခရိုင် ပြန်/ဆက်)**

ဖွံ့ဖြိုးစည်ပင် ကျေးလက်တစ်ခွင်

အလိမ္မာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ စာအုပ်၊စာစောင်များ ပေးအပ်လှူဒါန်း

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၄

မော်လမြိုင်ကျွန်းမြို့နယ် ပျားမွတ်လျှော်ချောင်းကျေးရွာအုပ်စု ကျုံလတာ စံပြကျေးရွာ အလိမ္မာကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်သို့ ဒုတိယ အကြိမ်မြောက် စာအုပ်၊ စာစောင်များပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီက အဆိုပါ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အဖွဲ့ဝင်(၂) ဦးမြင့်လွင်နှင့် ပျားမွတ်လျှော်ချောင်း ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြင့်စိန်တို့က စာကြည့်တိုက် ရေရှည်တည်တံ့ရေး အတွက် ဆောင်ရွက်မှုလုပ်ငန်းများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဓာတ်ပုံ ကျွမ်းကျင်(၂)ဦးမြင့်အောင်(မော်ကျွန်းမြင့်အောင်)က အလိမ္မာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် ဒုတိယအကြိမ်မြောက် စာအုပ်၊ စာစောင်များ လှူဒါန်းရာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြင့်စိန်က လက်ခံရယူသည်။ **(အောက်ပုံ)** **(ဝ၉၇)**

ဒီဇင်ဘာ ၁၈ ရက်က ပြည်နယ် စည်ပင်သာယာ ရေး အဖွဲ့ အ မှု ဆောင် အ ရာ ရှိ ဦးသက်နှင်းဦး မြဝတီ မြို့နယ် စည်ပင်သာယာ ရေးအဖွဲ့ကဆောင် ရွက်လျက်ရှိသော ကျေးလက် လမ်း အရှည် ပေ ၂၃၈၀၊ အကျယ် ၁၂ ပေရှိ ဇော့ရှမ်း-ပေါလော လမ်း ကျောက်စုဆောင်းထားရှိမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

မွန်ပြည်နယ်ပညာရေးမှူးဒိုင်း အခြေခံပညာကျောင်းပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲ တံခွန်စိုက်ဒိုင်းဆုရ ပေါင်မြို့နယ်အသင်းအား ဂုဏ်ပြုပွဲကျင်းပ

ပေါင် ဇန်နဝါရီ ၉

၂၀၀၄ခုနှစ် မွန်ပြည်နယ် ပညာရေးမှူးဒိုင်း အခြေခံပညာကျောင်းပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆု ရရှိခဲ့သော အောင်ပွဲရကျောင်းသား၊ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက်၁၁နာရီ က ပေါင်မြို့ ကဒါမင်းတန်း အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးအောင်ချစ်က အမှာစကား ပြောကြားပြီး အသင်းအုပ်ချုပ်သူ ဦးမောင်ဆိုင်းက ပြိုင်ပွဲ အတွေ့အကြုံများကို ရှင်းလင်း တင်ပြသည်။

ပေးအပ်

ထို့နောက် ၂၀၀၄ခုနှစ် မွန်ပြည်နယ်ပညာရေးမှူးဒိုင်း အခြေခံပညာ ကျောင်းပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရရှိခဲ့သော တံခွန်စိုက်ဒိုင်းဆုကို ဆရာ ဦးမောင်မောင်နှင့် အသင်းအုပ်ချုပ်သူ ဆရာဦးမောင်ဆိုင်းတို့က မြို့နယ် ပညာရေးမှူး ဦးအောင်ချစ်ထံ ပေးအပ်ကြကြောင်း သိရသည်။ **(ယာပုံ)**
(မြို့နယ် ပြန်/ဆက်)

အသိပညာနှင့် ကျန်းမာရေး ပညာပေးဟောပြော

ဘိုကလေး ဇန်နဝါရီ ၁၀

ဘိုကလေးမြို့နယ် အမျိုးသမီး ရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်းတို့၏ စီစဉ်ဆောင် ရွက်မှုဖြင့် အသိပညာနှင့်ကျန်းမာရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ရက်က ဘိုကလေးမြို့ နယ် ပန်းပဲစုကျေးရွာ၊ ကွန်ပင်ကျေးရွာ၊ ပျဉ်းမကုန်းကျေးရွာ၊ မရဲရွာသစ်ကျေး ရွာ၊ ရပ်ဆိုင်ကျေးရွာနှင့် ငရုတ်ကောင်း ကျေးရွာများ၌ ကျင်းပသည်။

ဟောပြောဆွေးနွေး

အခမ်းအနားတွင် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၏ဇနီးမြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ် အေးအေးယုက အမှာစကား ပြော ကြားပြီး အမျိုးသမီးများအား အကြမ်း ဖက်မှုတိုက်ဖျက်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ငွေးက ရည်ရွယ်ချက် နှင့် တာဝန်ဝတ္တရားများ ရှင်းလင်း ပြောကြားကာ မြို့နယ်ကျန်းမာရေး ဌာန သူနာပြုဆရာမကြီး ဒေါ်မြင့်မြင့် မော်က အမျိုးသမီးများ၏ ကျန်းမာ ရေးဆိုင်ရာ ဗဟုသုတဖြစ်ဖွယ်ရာများ ဟောပြောဆွေးနွေးကြောင်းသိရသည်။
(မြို့နယ် ပြန်/

ရေဒီယိုလှူဒါန်း

ဒီဇင်ဘာ၆ရက်က ဆီဆိုင် မြို့နယ်ထိရီးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနား တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည် သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုးညွှန့်ရွှေက ရေဒီယို တစ်လုံး ပေးအပ်လှူဒါန်းစဉ်။
(မြို့နယ် ပြန်/ဆက်)

ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်း မန္တလေးမြို့၌ကျင်းပသည့် အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲတက်ရောက်

ရန်ကုန် ဇန်နဝါရီ ၁၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ဇန်နဝါရီ၁၅ရက် နံနက်ရနာရီခွဲက မန္တလေးမြို့ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမ၌ကျင်းပသည့် အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဗဟိုအတွင်းရေးမှူးဦးအောင်သောင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ အင်အားတိုးတက်နေပြီဖြစ်ရာ အရေအတွက်အပြင် အရည်အချင်းပါ တိုးတက်ရန် သင်တန်းများဖွင့်လှစ်ပို့ချပေးနေပုံများ၊ အသင်းကြီးက ချမှတ်ထားသည့် ရည်ရွယ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အောင်မြေသာစံမြို့နယ်မှ ဦးရဲမင်းက အသင်းဝင်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြပြီး မဟာအောင်မြေမြို့နယ်မှ ဦးစောထွန်းရင်က အသင်းဝင် ၃၀၀ ကိုယ်စား အသင်းဝင်အဆိုပြုလွှာများကို ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းအား ပေးအပ်သည်။

ထို့နောက် ဗဟိုအတွင်းရေးမှူးသည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ၏ ကထိန်တော်အသင်းသို့ ရောက်ရှိပြီး အသင်းဝင်များနှင့် တွေ့ဆုံရာ အသင်းဥက္ကဋ္ဌ ဦးကျော်သိန်းက ကုန်စည်ဒိုင်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းကလိုအပ်ချက်များကိုအကြံပြုဆွေးနွေးသည်။

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူးသည် မန္တလေးမြို့ မလွန်ဆန်လှူအသင်းသို့ရောက်ရှိပြီး အသင်းဥက္ကဋ္ဌနှင့်အသင်းဝင်များအား တွေ့ဆုံပြီး စက်မှု(၁)ထုတ် ဆေးဝါးများနှင့် မလွန်ဆန်လှူအသင်းသို့ ငွေကျပ်သုံးသိန်း လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒီဇင်ဘာ၃၀ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အလတ်ချောင်းရပ်ကွက် ချောင်းဝဘုန်းတော်ကြီးကျောင်းတွင် ပညာအလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ အလတ်ချောင်း ချောင်းဝကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တကောဏ္ဍည၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ဦးစီးမှူး ဦးဇော်အောင်လင်း၊ ကြည့်မြင်တိုင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုချိုလတ် နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း လှိုင်မြို့နယ် အင်းစိန်လမ်းမ (၁၃)ရပ်ကွက် အမှတ်(၁၁/ခ)နေ ဒေါ်အေးချစ်သားသမီးမြေးတစ်စုတို့က ဒဂုံမြို့နယ် အမှတ်၁၂ စကားဝါလမ်း မင်းကွန်းဆရာတော်ဘုရားကြီး တိပိဋကကျောင်းတော်တိုးချဲ့ခုနစ်ထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် ၁၀သိန်းကို တိ=နိ ရန်ကုန်ဌာန ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြောက်ဥက္ကလာပမြို့နယ်တွင် ကျပန်းစကားပြောပြိုင်

ရန်ကုန် ဇန်နဝါရီ ၁၆

မြောက်ဥက္ကလာပမြို့နယ် ခုခံအားကျဆင်းမှုနှင့် ကာလသားရောဂါ တိုက်ဖျက်ရေးဌာနက ဦးစီး၍ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀နာရီက မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်ဝင်းနှင့်မြို့နယ်ကျန်းမာရေးဦးစီးဌာန ဌာနမှူး ဒေါ်ဦးဦးတို့က အမှာစကားပြောကြားပြီး မြို့နယ်ခုခံအားကျနှင့် ကာလသားရောဂါတိုက်ဖျက်ရေးဌာနအဖွဲ့ ခေါင်းဆောင် ဒေါက်တာဦးမျိုးသန့်က ခုခံအားကျဆင်းမှုကူးစက်ရောဂါသိကောင်းစရာများ ဟောပြောကာ ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများ ချီးမြှင့်ပေးသည်။ **(က–ပ)**

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး သစ်တက်ကုန်းရေလွှဲဆည်ရေသောက်ဧရိယာတိုးချဲ့မှုစစ်ဆေး ဝင်ငွေပိုမိုရရှိအောင် ဒေသနှင့်ကိုက်ညီသောသီးနှံပုံစံ ချမှတ်စိုက်ပျိုးရေး မှာကြား

ရန်ကုန် ဇန်နဝါရီ ၁၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မန္တလေးတိုင်း စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ၁၁ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ သစ်တက်ကုန်းရေလွှဲဆည် ရေသောက် ဧရိယာတိုးချဲ့မှု၊ ရေပေးတူးမြောင်းအသစ်များမှ ရေပေးဝေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့အား ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အုန်းက သစ်တက်ကုန်းရေလွှဲဆည် မူလရေပေးမြောင်း ၁၅ မိုင်ဖြင့် မူလရေသောက်ဧရိယာဧက ၅၀၀၀မှ ၁၃ မိုင်တိုးချဲ့ ရေပေးတူးမြောင်း တူးဖော်၍ ရေသောက်ဧရိယာ ၆၀၀၀ တိုးလာမှု၊ တံတားဦးမြို့နယ် သူငယ်တော်ကန်သို့ ရေရောက်ရှိ ဖြည့်တင်းပေးနိုင်မှု၊ ပြူကန်သို့ ချောင်းမနက်ရေလှောင်တမံမှ ရေဝင်ရရှိမှု၊ နေကြာနှင့်ကုလားပဲသီးညှပ်၊ နေကြာနှင့်ဂျုံသီးညှပ်စိုက်ခင်းဧက ၆၀၀၀ ဖြစ်ထွန်းမှုတို့ကို ရှင်းလင်းတင်ပြသည်။

မှာကြား

ဝန်ကြီးက တာဝန်ရှိသူများအား သူငယ်တော်ကန်သို့ ရေပေးမှုသာမက တိုးချဲ့တူးမြောင်း၏ ဘယ်ဘက်ခြမ်း အထက်ပိုင်း၌ရှိသည့် စိုက်ခင်းများရေရရှိရေး၊ သူငယ်တော်ကန်မှ နွေရာသီသီးနှံစိုက်ပျိုးရေပေးဝေနိုင်ရေး မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် သူငယ်တော်ကျေးရွာမှ တောင်သူများနှင့် ရင်းနှီးစွာတွေ့ဆုံ၍ ရေပေးသွင်း သီးနှံစိုက်ပျိုးမှုတိုးချဲ့ရေး၊ တောင်သူတစ်ဦးချင်း ဝင်ငွေတိုးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ သောက်သုံးရေရရှိရေးအတွက် နိုင်ငံတော်က ရေရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့ဖြစ်၍ ရေကို အကျိုးရှိရှိ လေလွင့်မှုမရှိအောင် အသုံးပြုရေး၊ တောင်သူလယ်သမားများ ဝင်ငွေပိုမိုရရှိအောင် ဒေသနှင့်ကိုက်ညီသောသီးနှံပုံစံချမှတ် စိုက်ပျိုးရေး၊ဈေးကွက်ဝင် သီးနှံများ တိုးချဲ့စိုက်ပျိုးရေးတို့ကို ဒေသအတွင်းရှိ တောင်သူများအား ဌာနဆိုင်ရာ တာဝန်ရှိသူများကကူညီပံ့ပိုးကြရန် ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် တိုးချဲ့ရေပေးတူးမြောင်းမှ သူငယ်တော်ကန်သို့ ရေပေးမှုကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နယ်စပ်ဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးအစည်းအဝေးမှတ်စု မြန်မာ–တရုတ် ဒုတိယဝန်ကြီးအဆင့် လက်မှတ်ရေးထိုးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာ–တရုတ် ဒုတိယဝန်ကြီးအဆင့် နယ်စပ်ဒေသအေးချမ်းသာယာမှုတည်ဆောက်ရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးမှတ်စု လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဇန်နဝါရီ၁၅ရက် နံနက်၁၀နာရီက ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Parkroyal Hotel, Ball Room (3) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် ကိုယ်စား ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံကိုယ်စား ဧည့်သည်တော်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr.Zhao Yongji က လည်းကောင်း အသီးသီး လက်မှတ်ရေးထိုးကြသည်။

ပူးပေါင်းတိုက်ဖျက်ရေး

အဆိုပါအစည်းအဝေးမှတ်စုတွင် တရုတ်ပြည်သူ့ သမ္မတ နိုင်ငံနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်တို့ အကြား နယ်စပ်ဒေသ အေးချမ်းသာယာမှု တည်ဆောက်ရေးနှင့် နယ်စပ်ဖြတ်ကျော် မှုခင်းများကို နှစ်နိုင်ငံအရှိန်အဟုန်မြှင့် ပူးပေါင်းတိုက်ဖျက်ရေး ကိစ္စရပ်များပါဝင်သည်။

ဧည့်သည်တော်တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး H.E. Mr.Zhao Yongji ခေါင်းဆောင်သော တရုတ် ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ဇန်နဝါရီ၁၃ရက်နှင့် ၁၄ရက်တို့တွင် ပုဂံ–ညောင်ဦးနှင့်မန္တလေးမြို့များသို့ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့ကြသည်။

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr.Zhao Yongji နှင့် အဖွဲ့ဝင်များအား ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ဇန်နဝါရီ ၁၅ရက်ညက မြတ်သဇ္ဈာ စားသောက်ဆိုင်၌ ညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ၈ရက်က အမက (၇) ဒဂုံမြို့သစ် (မြောက် ပိုင်း) မြို့နယ် တွင် ၂၀၀၃–၂၀၀၄ ခုနှစ် ပညာရည်ချွန်ဆုနှင့် ၂၀၀၄–၂၀၀၅ဘက်စုံ ထူးချွန်ဆုပေးအပ်ပွဲ ကျင်းပရာသူငယ်တန်းမှ စတုတ္ထတန်းထိ ငါးနှစ်ဆက်တိုက်ပထမဆု ရရှိသော မနှင်းစိုးအား ကျောင်း အုပ်ဆရာမကြီး ဒေါ်တင်ဝင်းက ဆုချီးမြှင့်စဉ်။ (၁၉၂)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ သုတဘဏ် စာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော သုတဘဏ် စာတမ်းဖတ်ပွဲကို ဇန်နဝါရီ၁၅ရက် မွန်းတည့် ၁၂နာရီက အမှတ် (၅၂၉) ကုန်သည်လမ်း စာပေဗိမာန် အဆောက်အအုံ ဒုတိယထပ်ရှိ ဟောပြောပွဲ ခန်းမဆောင်၌ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင်ခ (တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင် (သန်းမောင်)၊ ဦးမြင့်သိန်း (မြင့်သိန်းအောင်)၊ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း–တွံတေး)၊ တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ စိတ်ပါဝင်စားသူ စာပေဝါသနာရှင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖတ်ကြား

ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး စာအုပ်ထုတ်ဝေရေးနှင့် ဟောပြောဆွေးနွေး လေ့လာရေး လုပ်ငန်းအဖွဲ့–အဖွဲ့ဝင် ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)က စာတမ်းများနှင့် စပ်လျဉ်း၍ မိတ်ဆက်ပေးပြီး အခမ်းအနားမှူးဗဟိုအမှုဆောင်ကော်မတီဝင် ဒေါ်ခင်သန်းဝင်း(ကြူကြူသင်း)က စာတမ်းရှင်များ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းများကို ဖတ်ကြားသည်။

ထို့နောက် စာရေးဆရာမောင်ဝင့်သူက ဘာသာပြန် ကိုယ်တွေ့ပြဿနာများနှင့် ကဗျာဆရာသူရဇော်က အချိုးကဗျာစာတမ်းများကို ဖတ်ကြားတင်ပြ၍ မေးခွန်းများကို ပြန်လည်ဖြေကြားကြပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ)က ကျေးဇူးတင်စကား ပြောကြားကာ မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမအကြိမ်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာပိုက်ကျော်ခြင်းပြိုင်ပွဲနှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမအကြိမ်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာပိုက်ကျော်ခြင်းပြိုင်ပွဲ (၂၀၀၅) ပြိုင်ပွဲနှင့် စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ် ကုန်းဘောင်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ရှင်းလင်းပွဲသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အာရှပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Abdul Halim Bin Kader၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် သတင်းထောက်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အာရှပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်က အဖွဲ့ချုပ်၏ ဆောင်ရွက်နေမှု အခြေအနေကို လည်းကောင်း၊ ပြိုင်ပွဲနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများကမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်က အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အာရှပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌထံ အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်း ပြိုင်ပွဲ၌ ချီးမြှင့်မည့် တံခွန်စိုက်ဆုဖလားကြီးကို လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၆

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့် အညီ သမထဝိပဿနာတရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ-အံ့ကြီး)က ဇန်နဝါရီ ၁၉ရက်မှ ၂၅ရက်အထိ ညနေ ၆နာရီခွဲမှ ည ၈နာရီအထိ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ ဒေဝသာဂရ ရဟန္တာသိမ်ဖြူတော်တွင်လည်းကောင်း၊ ဇန်နဝါရီ၂၅ရက်မှ ၃၁ရက်အထိ ညနေ ၆နာရီခွဲမှ ည ၈နာရီအထိ ပုဇွန်တောင်မြို့နယ် အမှတ်(၂)ရပ်ကွက် ၅၅လမ်း မာဃလုလင်ဓမ္မာရုံတွင် လည်းကောင်း၊ ဖေဖော်ဝါရီ ၁ရက်မှ ၇ရက်အထိ ညနေ ၆နာရီခွဲမှ ည ၈နာရီ အထိ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဆိပ်ကမ်း လုပ်သားပေါင်းစုံ ဓမ္မာရုံတော်ကြီးတွင် လည်းကောင်း ကိုယ်တွေ့ဉာဏ်မြင်ဟောပြော ပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ကျင်းပမည်

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမအကြိမ်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းပြိုင်ပွဲ(၂၀၀၅) ပြိုင်ပွဲကို ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ဖေဖော်ဝါရီ ၁၈ရက်မှ ၂၅ ရက်အထိ ခမ်းနားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲသို့ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ ကာတာ၊ ဆွစ်ဇာလန်၊ ကနေဒါ၊ အမေရိကန်၊ ပြင်သစ်၊ ဂျာမနီ၊ ဘရာဇီးစသည့် နိုင်ငံများမှ ပိုက်ကျော်ခြင်းအသင်းများအပါအဝင် ပြိုင်ပွဲဝင် ပိုက်ကျော်ခြင်းအသင်းပေါင်း ၂၆ သင်းကို အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ဆက်သွယ်အကြောင်းကြားထားကြောင်း သိရသည်။ **(သတင်းစဉ်)**

အာဆီယံတိုက်ဂါးဖလားဘောလုံးပြိုင်ပွဲပြီးစီး
စင်ကာပူကအင်ဒိုနီးရှားကိုအနိုင်ရဗိုလ်စွဲ

ရန်ကုန် ဇန်နဝါရီ ၁၆

(၅)ကြိမ်မြောက် အာဆီယံ တိုက်ဂါးဖလား(Tiger Cup)ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ (ဒုတိယအကျော့ပွဲစဉ်)ကို ယနေ့မြန်မာစံတော်ချိန် ညနေ ၆နာရီက စင်ကာပူနိုင်ငံ အမျိုးသားအားကစားကွင်း၌ ကျင်းပရာ စင်ကာပူအသင်းက အင်ဒိုနီးရှားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အုပ်စုပွဲစဉ်၌တွေ့ဆုံခဲ့စဉ်က ဂိုးမရှိသရေကျခဲ့သောနှစ်သင်း ဗိုလ်လုပွဲ၌ ပြန်လည်တွေ့ဆုံခြင်းဖြစ်ပြီး စင်ကာပူအသင်းက အနိုင်ရရှိသွား၍ အာဆီယံ တိုက်ဂါးဖလား ဘောလုံးပြိုင်ပွဲတွင် ဒုတိယအကြိမ် ဗိုလ်စွဲသွားခြင်းဖြစ်သည်။ စင်ကာပူအသင်းက ပထမပိုင်း၌ နှစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ဒုတိယပိုင်း၌ အင်ဒိုနီးရှားအသင်းက ချေပဂိုးတစ်ဂိုး သွင်းယူခဲ့သည်။

ဇန်နဝါရီ ၈ ရက်က အင်ဒိုနီးရှားနိုင်ငံ၌ ယှဉ်ပြိုင်ကစားခဲ့သော ပထမအကျော့ပွဲစဉ်တွင် စင်ကာပူအသင်းက အင်ဒိုနီးရှားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။စင်ကာပူအသင်းက နှစ်ပွဲပေါင်း ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားခြင်းဖြစ်သည်။

(၅)ကြိမ်မြောက် အာဆီယံ တိုက်ဂါးဖလား(Tiger Cup)ဘောလုံးပြိုင်ပွဲတွင် စင်ကာပူအသင်း ဗိုလ်စွဲသွားရာ တိုက်ဂါးဖလားကြီးနှင့်အတူ ဆုကြေး အမေရိကန်ဒေါ်လာတစ်သိန်း ရရှိ သွားသည်။ အင်ဒိုနီးရှားအသင်းက ဒုတိယဆုအဖြစ် ဆုကြေးအမေရိကန်ဒေါ်လာ ငါးသောင်း၊ မလေးရှားအသင်းက တတိယဆုအဖြစ် ဆုကြေး အမေရိကန်ဒေါ်လာ နှစ်သောင်း၊ မြန်မာအသင်းက အမေရိကန်ဒေါ်လာ တစ်သောင်းရရှိသည်။

ဒုတိယအကြိမ်ဗိုလ်စွဲ

စင်ကာပူအသင်းသည် ၁၉၉၈ ခုနှစ် ဒုတိယအကြိမ် အာဆီယံ တိုက်ဂါးဖလား ဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့ရာ ဒုတိယအကြိမ် ဗိုလ်စွဲနိုင်ခဲ့ခြင်း ဖြစ်သည်။

(၅)ကြိမ်မြောက် အာဆီယံ တိုက်ဂါးဖလား (Tiger Cup) ဘောလုံးပြိုင်ပွဲတွင် ဂိုးအများဆုံးသွင်းနိုင်သူဆုကို အင်ဒိုနီးရှားအသင်းမှ ဂျာရာကာဘူးမားက စုစုပေါင်း ခုနစ်ဂိုးဖြင့်ရရှိသွားသည်။ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆုကို စင်ကာပူအသင်းမှ ဂိုးသမားလိုနယ်လူးဝစ်က ရရှိသွားသည်။ **(မြန်မာ့အလင်း)**

ပြင်ဆင်ဖတ်ရှုပါရန်

ရန်ကုန် ဇန်နဝါရီ ၁၆

၁၄-၁-၂၀၀၅ ရက်နေ့ထုတ် သတင်းစာများတွင် ဖော်ပြပါရှိသော ဧရာဝတီတိုင်း ငပုတောမြို့နယ် ကျုံကူးကျေးရွာ **"ဘဝ ရွှေ့ဆောင်"** ကျေးရွာသူကြီး ဦးလှမြင့် စာကြည့်တိုက် ဖွင့်ပွဲသတင်းတွင် စာကြည့်တိုက် အလှူရှင် "ဦးမြင့်စိုး"ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား အားကစား

အသက် ၂၀အောက် တောင်အမေရိကဘောလုံးချန်ပီယံပြိုင်ပွဲ ဘရာဇီးက အီကွေဒေါကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရ

ဘိုဂိုတာ ဇန်နဝါရီ ၁၆

အသက် ၂၀အောက် တောင်အမေရိက ဘောလုံးချန်ပီယံပြိုင်ပွဲအဖြစ် ဘရာဇီးနှင့် အီကွေဒေါ၊ ပါရာဂွေးနှင့် ဥရုဂွေးအသင်းတို့ ဇန်နဝါရီ ၁၄ရက်က ယှဉ်ပြိုင်ကစားရာ ဘရာဇီးအသင်းက အီကွေဒေါအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ပါရာဂွေးနှင့် ဥရုဂွေးအသင်းတို့ ဂိုးမရှိသရေပွဲဖြစ်သွားသည်။

ဘရာဇီးနှင့်အီကွေဒေါအသင်းတို့ပွဲတွင် ဘရာဇီးအသင်းအတွက် အီဗင်ဒရိုက ပွဲချိန်၂မိနစ်နှင့် ၆မိနစ်တွင် နှစ်ဂိုး၊ ပွဲချိန် ၂၉မိနစ်တွင် ဖီလီပီက တစ်ဂိုး၊ ပွဲချိန် ၄၆မိနစ်နှင့် ၅၆မိနစ်တွင် ကူရီနီုက နှစ်ဂိုးသွင်းယူခဲ့ခြင်း ဖြစ်သည်။

အာဂျင်တီးနားအသင်းသည် ကိုလံဘီယာအသင်းနှင့် ပြီးခဲ့သည့် ကြာသပတေးနေ့က ယှဉ်ပြိုင်ကစားခဲ့ရာ အနိုင်ရရှိခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ

အီတလီစီးရီးအေပွဲစဉ်(၁၉)ယှဉ်ပြိုင်ကစား အင်တာမီလန်တို့အဝေးကွင်း၌ ဂိုးမရှိသရေပွဲဖြစ်

ရောမ ဇန်နဝါရီ ၁၆

အီတလီစီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၉)အဖြစ် ရက်ဂျီးနားနှင့် အင်တာမီလန်၊ ဘရက်ရှားနှင့် ဖီအိုရင်တီးနားတို့ ဇန်နဝါရီ၁၅ရက်က ယှဉ်ပြိုင်ကစားရာ နှစ်ပွဲစလုံး သရေပွဲဖြစ်ကာ တစ်မှတ်စီ ခွဲဝေယူခဲ့ကြရသည်။

ရက်ဂျီးနားနှင့်အင်တာမီလန်

ရက်ဂျီးနားကွင်း စတာဒိုင်ရိုဂရာနီလ်လို၌ ကစားရသည့်ပွဲကို အင်တာမီလန်တို့ အဝေးကွင်းရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သော်လည်း ဂိုးမရှိသရေပွဲဖြစ်ခဲ့ရသည်။ ယခုပွဲတွင် အဝေးကွင်း၌ သရေကျခဲ့ရခြင်းသည် အင်တာမီလန်တို့ ရှစ်ပွဲမြောက်အဝေးကွင်း၌သရေပွဲဖြစ်သည်။ အင်တာမီလန်က ရှေ့တန်းတွင် ဗီယာရီ၊ အက်ဒရီရာနိုနှင့် ဇနက်တီတို့ထားပြီး ကစားခဲ့သော်လည်း ဂိုးမသွင်းနိုင်ခဲ့ပေ။ ယခုပွဲတွင် အင်တာမီလန်မှ ဇနက်တီ၊ ဗီယာရီနှင့် ကော်ဒိုဘာတို့ အဝါကတ်ပြခံရသလိုပင် ရက်ဂျီးနားမှ ကိုလူစီ အဝါကတ်ပြခံရပြီး ပွဲချိန် ၆၈မိနစ်၌ ကိုလူစီ နှစ်ဝါတစ်နီထိကာ အထုတ်ခံခဲ့ရသည်။

အင်တာမီလန်သည် ၁၉ပွဲကစား၊ ခြောက်ပွဲနိုင်၊ ၁၃ပွဲ သရေကျပြီး ၃၁ မှတ်ရကာ တန်းစီဇယား၌ အဆင့်လေးနေရာတွင် ဆက်လက်ရှိနေသည်။

ဘရက်ရှားနှင့်ဖီအိုရင်တီးနား

ယခုနှစ် စီးရီးအေရာသီတွင် အဝေးကွင်း၊ အိမ်ကွင်း သရေပွဲများနေသော ဖီအိုရင်တီးနားတို့ ရှစ်ပွဲမြောက် သရေပွဲ ဖြစ်ခဲ့ရပြန်သည်။ ဘရက်ရှားကွင်း မာရီရိုရီဂါမွန်တီ၌ ကစားရသော်လည်း ဖီအိုရင်တီးနားမှ မစ်ကိုလီက ပွဲချိန် ၄၉ မိနစ်တွင် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ဘရက်ရှား၏ချေပဂိုးကို ၆၂မိနစ်တွင် ပက်ကူရာလီက သွင်းယူပေးခဲ့သဖြင့် တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။ ဖီအိုရင်တီးနားသည် ၁၉ပွဲကစား၊ ငါးပွဲနိုင်၊ ရှစ်ပွဲသရေ၊ ခြောက်ပွဲရှုံးဖြင့် တန်းစီဇယား၌ အဆင့် ၁၁နေရာ၌ ရှိနေသည်။ **(အင်တာနက်)**

ထိုးဖောက်ကန်သွင်း

အီတလီစီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၉)အဖြစ် ရက်ဂျီးနားနှင့် အင်တာမီလန်တို့ပွဲတွင် အင်တာမီလန်တိုက်စစ်မှူး အက်ဒရီရာနို ဂိုးရရှိရေးအတွက် ထိုးဖောက်ကန်သွင်းယူစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

သာကေတမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ဇန်နဝါရီ ၁၅ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကိုယ့်အားကိုယ်ကိုး နဝရတ်စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်ဦးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

သာကေတမြို့နယ်လုံးဆိုင်ရာ ကျက်သရေဆောင် ဇိနမာရ်အောင်စေတီတော်မြတ်ကြီး ဓာတ်တော်တိုက်၏ ဂန္ဓကုဋိတိုက် တည်ဆောက်ရန်အတွက် ခိုင်ရွှေဝါလမ်းနေ ခင်ပွန်း ဦးယုံချမ်းနှင့်သား ကိုမြင့်စိုးတို့အားရည်စူး၍ ဇနီး ဒေါ်တင်၊ (သား) ဦးလှထွန်း-ဒေါ်မြင့်သန်း(ပြည့်စုံစတိုး)မိသားစုတို့က ပထမအကြိမ် ငွေကျပ်၁၅သိန်းကို ဇန်နဝါရီ၉ရက်က လာရောက်လှူဒါန်းရာ စေတီတော်ဂေါပက အတွင်းရေးမှူး ဦးလှထွန်းနှင့် ဘဏ္ဍာရေးမှူး ဦးတင်စိန်တို့ကလက်ခံရယူစဉ်။ (၂၅၈)

ရွှေပြည်သာမြို့နယ်အမှတ်(၅)ရပ်ကွက် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဒီဇင်ဘာ၂၆ရက်က ရပ်ကွက်ရုံးခန်းမ၌ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးက ဦးစောရှိန်ကပေးအပ်စဉ်။ (က-ပ)

တရားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

မန္တလေးမြို့ ဆုတောင်းပြည့်ဘုရား အရှေ့ဘက်မုခ်ဦးရှေ့ (၇၆)လမ်း ၂၆ x ၂၇ လမ်းကြားတွင် ပထမအကြိမ်မြောက် အထူးတရားပွဲကို ကျင်းပမည်ဖြစ်သည်။

အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) ကေလာသတောင် (သထုံမြို့)သည် ဇန်နဝါရီ၁၇ရက် (တနင်္လာနေ့) ည၇နာရီတွင်လည်းကောင်း၊ ဓမ္မဒူတ အရှင်ဆေကိန္ဒ(သာသနာ့ဓဇ သဒ္ဓမ္မနေပုည သာသနဇောတိပါလ ဓမ္မာစရိယ ဓမ္မာကထိက ဗဟုဇနဟိတဓရ) A.G.T.I (Civil) သည် ဇန်နဝါရီ၁၈ရက် (အင်္ဂါနေ့)ည၇နာရီတွင်လည်းကောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ ဓမ္မမိတ်ဆွေအပေါင်းအား တရားနာကြွရောက်ကြရန် ဖိတ်ကြားထားသည်။ **(က-ပ)**

(၁၇) နှစ်မြောက်မင်္ဂလာဆုတောင်း

(၁၇) နှစ်မြောက်မင်္ဂလာဆုတောင်း

OD Tour for Traveller

Jan.28,Feb.9

Jan.21,28,Feb.9

Feb.12,18

Jan 21,28, Feb.9

Feb.15 :Feb.28

OD Style

No.52

စုပေါင်း ကာကွယ် မီးအန္တရာယ်

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ တောင်သူကုန်းလမ်း၊ ခြံအမှတ် ၅၃(ဘီ)နေ [ဗိုလ်မှူးစံထွား(တပ်မတော်-လေ)]-ဒေါ်တင်တင်ဦး(အလယ်တန်းပြ၊ ငြိမ်း)တို့၏သားကြီး

ဗိုလ်ကြီးမြတ်မင်းစံ

B.E (Mechanical) (DSTA) M.Sc (Engineering) နှင့်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ တော်ဝင်လမ်း၊ ခြံအမှတ် ၉၈နေ ဒုတိယဗိုလ်မှူးကြီးကျော်တင့်(ဥက္ကဋ္ဌ၊ရန်ကုန်အနောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)-ဒေါ်နီနီစိန်တို့၏ တစ်ဦးတည်းသောသမီး

မဝင့်နန္ဒာကျော်

B.Sc (Hons:), M.Sc (Biochemistry) Year I

တို့၏ ၁၅-၁-၂၀၀၅ရက် Yuzana Garden Hotelတွင်ကျင်းပသည့် မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် ကြွရောက်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၏ဇနီး ဒေါ်မာလာတင့်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးသော ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ကြွရောက်ချီးမြှင့်ကြသော စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်နှင့်ဇနီး၊ ဗိုလ်ချုပ်စိန်လင်းနှင့်ဇနီး၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားတွင် မင်္ဂလာပန်းကြဲပေးသည့် မမေသူကျော်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးသည့် မအိအိဖြိုး၊ မင်္ဂလာလက်ထပ်လက်စွပ်ကိုင်ဆောင်ပေးသည့် မဖြိုးထက်အောင်၊ သတို့သားအရန် ဗိုလ်ကြီးမြတ်စိုး၊ ဗိုလ်ကြီးမျိုးမင်းထွန်း၊ သတို့သမီးအရန် မချယ်ရီဝင်း၊ မအိမွန်သူ၊ အစစအရာရာ ကူညီပေးသည့် သီဂီရွှေဝါပိုးထည်တိုက်မှ မပေါက်ပေါက်၊ မင်္ဂလာဝတ်စုံ မမဋ္ဌူ၊ မိတ်ကပ်၊ ဆံပင် စိုးစိုးနှင့်အဖွဲ့၊ လက်ထပ်ပန်းအလှဆင်ပေးသည့် မလေးရှားသန်းမြင့်၊ မေတ္တာဖြင့်ပန်းအလှဆင်ပေးသည့် တော်ဝင်နှင်းဆီ ဦးစိုးညွန့်၊ ဓာတ်ပုံ အေကေမိုး(သတ္တဗေဒ)၊ ဗီဒီယို အဲလင်း (Digital World Video)၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသည့် တေးသံရှင် ဟေမာနေဝင်း၊ တေးဂီတ The Aces တေးဂီတအဖွဲ့၊ ၂၉-၁၂-၂၀၀၄ရက်တွင် မြရိပ်ညိုရွှင်ရယ်ဟိုတယ်၌ကျင်းပခဲ့သည့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ၌ လက်မှတ်ရေးထိုးပေးသည့် ရန်ကုန်တိုင်း တွဲဖက်တရားသူကြီး ဦးဝင်းဆွေ၊ အသိသက်သေအဖြစ်လက်မှတ်ရေးထိုးပေးသည့် ရန်ကုန်တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုးနှင့် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦးနှင့် မင်္ဂလာအခမ်းအနားများ အစစအရာရာအဆင်ပြေချောမွေ့စွာဆောင်ရွက်ပေးကြသည့် မြရိပ်ညိုရွှင်ရယ်ဟိုတယ်နှင့် ယုဇနဂါးဒင်းဟိုတယ်တို့မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ကျေးဇူးတင်ထိုက်သည့် မိတ်သင်္ဂဟများအားလုံးအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်ဗိုလ်ကြီးမြတ်မင်းစံ-မဝင့်နန္ဒာကျော်။

မင်္ဂလာဦးဆုတောင်း

အစ်ကို ဗိုလ်ကြီးမြတ်မင်းစံနှင့် အစ်မ နန္ဒာတို့ရဲ့ ၁၅-၁-၂၀၀၅ရက် မင်္ဂလာရက်မြတ်မှသည် နှစ်တစ်ရာတိုင် ပျော်ရွှင်ချမ်းမြေ့ကြပါစေ။

ညီလေး ဝေပိုင်ဦး 2nd Mate(FG)
Myanma Five Star Line.

မင်္ဂလာဦးဆုတောင်း

ဗိုလ်ကြီးမြတ်မင်းစံနှင့်ချစ်သူငယ်ချင်း မဝင့်နန္ဒာကျော်(နန္ဒာ)တို့ရဲ့ ၁၅-၁-၂၀၀၅ရက်နေ့တွင်ကျရောက်သည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းတစ်ရာကျော်တိုင် သာယာချမ်းမြေ့ပျော်ရွှင်သော ဘဝလမ်းကို အတူတကွ လျှောက်လှမ်းနိုင်ကြပါစေ။

ချစ်သူငယ်ချင်းများ
မဖြူ၊ ရည်မွန်၊ သူဇာ၊ သက်အိ၊ သန္တာ၊ ဖြိုး၊ သီတာ၊ သီတာကြီး၊ နှင်းနု
မဟာသိပ္ပံ (Biochemistry) ရန်ကုန်တက္ကသိုလ်၊
မသန္တာစိုး၊ ဒဂုံတက္ကသိုလ်။

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း
ပညာရပ်ဆိုင်ရာဟောပြောပွဲ

ခေါင်းစဉ်	–	နိုင်ငံတကာစိန်ရှာဖွေရေးလုပ်ငန်း (Diamond Exploration)
နေ့ရက်	–	၁၉-၁-၂၀၀၅ရက် (ဗုဒ္ဓဟူးနေ့)
အချိန်	–	မွန်းလွဲ ၁နာရီ
နေရာ	–	ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၊ အခန်းအမှတ်(၂၀၂)
ဟောပြောသူ	–	Mr.James W. Davis President Leeward Capital Corporation (ဘရေနှင့်အကျိုးတူဖက်စပ်လုပ်ကိုင်နေသော ကုမ္ပဏီ)

အသင်းသားများနှင့်အခြားစိတ်ဝင်စားသူများ တက်ရောက်ကြရန် ဖိတ်ကြားပါသည်။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သား မောင်လွင်မျိုးအောင် ၁၂/ပဘတ(နိုင်)၀၂၉၄၅၅သည် မိဘဆိုဆုံးမစကားကိုနားမထောင်ဘဲ ၁၁-၁-၂၀၀၅ရက်တွင် အိမ်မှဆင်းသွားပါသဖြင့် ယင်းနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စများ လုံးဝတာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) **ဦးသိန်းအေး-ဒေါ်တင်တင်။**

ပေါ်ဆန်းမွှေးပေါ်ဆန်းသစ်



မင်္ဂလာဒုံဥယျာဉ်မြို့တော်နှင့် ရန်ကုန်စက်မှုဇုန် မှာရင်းနှီးမြှုပ်နှံစို့

မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဇေကမ္ဘာကုမ္ပဏီလီမိတက်တို့ ပူးပေါင်းဆောင်ရွက်သည်၊

စက်မှုမြေ (တစ်ဧကလျှင်- ကျပ်သိန်း ၃၀၀)ကို အထူးဈေးနှုန်း- ကျပ်သိန်း(၂၇၀)

အိမ်မြေကွက် (တစ်ပေပတ်လည်လျှင်-ကျပ်၃၀၀၀)ကို အထူးဈေးနှုန်း- ကျပ်(၂၀၀၀)

(ဆောက်လုပ်ပြီး၊ ဆောက်လုပ်ဆဲစက်ရုံနှင့် လူနေအိမ်များကိုလည်း ညှိနှိုင်းဈေးဖြင့် ရောင်းချပေးနေပြီဖြစ်ပါသည်၊)

ဆက်သွယ်ရန်လိပ်စာ- မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ အမှတ်(၃)လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊

☎ 639303 to 639307 Fax: 639395 E-mail-zaykabar.coltd@mptmail.net.mm

လက်ခံရယူ

မော်လမြိုင်မြို့ ဆံတော်ရှင်ကျိုက်သုတ်စေတီတော်မြတ်၏ ဆင်းတုတော်များ ရွှေကြာသင်္ကန်းကပ်လှူရန်အတွက် အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၇ရက်က ဆံတော်ရှင်ကျိုက်သုတ်စေတီတော်မြတ်ပရိဝုဏ်အတွင်း ကျင်းပရာ မော်လမြိုင်မြို့ အောက်လမ်းမကြီး မရမ်းကုန်းရပ်နေ ဦးအောင်ဗိုက် မိသားစုက ငွေကျပ်နှစ်သိန်းငါးသောင်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးရွှေရင်က လက်ခံရယူစဉ်။ (၁၆၈)

ဆင်းရှွေလီအထွက်တိုး မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရ တောင်သူများအား ဂုဏ်ပြုဆုချီးမြှင့်

သီပေါ ဇန်နဝါရီ ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်၏ ၂၀၀၄-၂၀၀၅ ခုနှစ် ဆင်းရှွေလီအထူးအထွက်တိုး မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရ တောင်သူလယ်သမားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက်နံနက် ၁၀နာရီက မြို့ကျက်သရေဆောင်ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးကိုယ်စား ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ဦးကောင်တိုင်းနှင့် ဦးစိုင်းအောင်မြတို့က လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြကြသည်။

ရှင်းလင်းပြောကြား

အစီအစဉ်အရ သီပေါမြို့နယ်တွင် ၂၀၀၄-၂၀၀၅ ခုနှစ် မိုးစပါးယှဉ်ပြိုင်ကွက်များ ဆောင်ရွက်နိုင်မှုနှင့် အထွက်စံနှုန်း ရရှိမှုအခြေအနေကို မြို့နယ်မြေစာရင်းဦးစီးမှူး ဦးကျော်ငွေနှင့် မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးမြင့်အောင်တို့က ရှင်းလင်းပြောကြားကြသည်။

ဆုချီးမြှင့်

ထို့နောက် ၂၀၀၄-၂၀၀၅ခုနှစ် မိုးရာသီစပါးစိုက်ပျိုးမှု ထူးချွန်ပထမဆုရ တစ်ဧက ၁၆၁ဒသမ ၅၀တင်း ထွက်ရှိသည့် ဘော်ကြိုကျေးရွာမှ လယ်သမား ဦးဆန်အွမ်အား တိုင်းမှူးကိုယ်စား ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က ပေးအပ်ချီးမြှင့်ပြီး ကျန်ဆုရရှိသည့် ကျေးရွာများမှ လယ်သမားများအား တာဝန်ရှိသူတို့က ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(၁၀၆)**

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့နယ် မော်ဇာအုပ်စု ကန်သုံးဆင့် မိုးကုတ် ဝိပဿနာ ဓမ္မရိပ်သာ အမြဲတမ်းတရားစခန်း၌ ပြည်မြို့ ရွှေဘုန်းပွင့် ဘုရားလမ်းနေ ဦးအောင်အောင်ကို-ဇနီး ဒေါ်မြင့်မြင့်မိသားစုတို့က နှစ်ဖက်မိဘများအား အမှူးထား၍ ဓမ္မကထိက ဆရာတော် ဦးပညာသိရီနှင့်သံဃာတော်များ၊ တရားဝင် ယောဂီများအား တစ်ရက်တာ ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဗောဓိပက္ခိယရုပ်ပွားတော် အုတ်မြစ်စီအခမ်းအနားကျင်းပ

ပျဉ်းမနား ဇန်နဝါရီ ၃

ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ချောကုန်းကျောင်းတိုက် ဦးစီးနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကဝိသာရနှင့် မန္တလေးတိုင်း သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မသာရတို့ ဦးစီးတည်ထောင်ခဲ့သော ဦးဗုဒ္ဓေါ တောရကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးအတွင်း တည်ထားကိုးကွယ်မည့် ဉာဏ်တော် ၃၇တောင်ရှိ ဗောဓိပက္ခိယရုပ်ပွားတော်ကြီး အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက်က ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ငါးပါးသီလ ခံယူကာ မင်္ဂလာအုတ်မြစ်တော်ကို ဗိုလ်မှူးချုပ် ဝင်းမြင့်၊ ဗိုလ်မှူးကြီး မျိုးမြင့်၊ မြန်မာမှု ဗိသုကာပညာရှင် တမ္ပဝတီ ဦးဝင်းအောင်နှင့် ပဏ္ဍိတသာသနာ့ နဂ္ဂဟအဖွဲ့ဥက္ကဋ္ဌ ဦးလှမြင့်တို့က အုတ်မြစ်စီပေးကြကြောင်း သိရသည်။ **(၁၀၁)**

ညောင်လေးပင်မြို့ သာသနာ့ဗိမာန်တော် ပန္နက်တင်ပွဲ ကျင်းပရေးညှိနှိုင်းစည်းဝေး

ညောင်လေးပင် ဇန်နဝါရီ ၃

ပဲခူးတိုင်း ညောင်လေးပင်မြို့ မြို့မိမြို့ဖများက ဦးဆောင်၍ သာသနာ့ဗိမာန်တော်တည်ဆောက်ရန်အတွက် ဦးစီးကော်မတီက ပန္နက်တင် အခမ်းအနားကျင်းပရန် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဇီဝိတဒါန သံဃာ့ဆေးရုံ အစည်းအဝေး ခန်းမတွင် ဒီဇင်ဘာ ၂၄ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဥက္ကဋ္ဌ ဦးတင်မောင် (ကျောင်းအုပ်ကြီး-ငြိမ်း)က ဆောင်ရွက်ရမည့်လုပ်ငန်းများ အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်အေးက တည်ဆောက်မည့် မြေနေရာနှင့် လုပ်ငန်းဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

လှူဒါန်းနိုင်

ထို့နောက် ကျပ်သိန်း ၁၀၀၀ကျော် ကုန်ကျမည့် သာသနာ့ဗိမာန်တော် ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၇ရက်တွင် ကျင်းပရန် ဆုံးဖြတ် ကြသည်။ သာသနာ့ဗိမာန်တော် အတွက်လှူဒါန်း လိုသူများသည် အသင်းတည်ရာ သံဃာ့ဆေးရုံ၊ ညောင်လေးပင်မြို့နှင့်ညောင်လေးပင်(အသင်း) ရန်ကုန်တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက်က မြိတ်မြို့ မြို့မအားကစားကွင်းတွင် ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော သဝဏ်လွှာကို မြိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ကြွယ်က ဖတ်ကြားစဉ်။ (ခရိုင်ပြန်/ဆက်)

ပုသိမ်မြို့ အမှတ် ၃၈ ရွှေစေတီလမ်းနေ ဦးဘုန်းနိုင်-ဒေါ်ရင်ရင် မိသားစု(ရင်ရင်ဆေးဆိုင်)က အလှူငွေကျပ်တစ်သိန်းကို ဇေယျဝံသ ပရိယတ္တိစာ သင်တိုက် သိမ်တော်ကြီးလမ်း (၃)ရပ်ကွက် ပုသိမ်မြို့ရှိ ကရုဏာ လူမှုကူညီရေးအသင်းသို့ လှူဒါန်းရာ အသင်း ဥက္ကဋ္ဌ ဦးစိုးမြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မြို့ပြနှင့်ကျေးလက် စည်ပင်လုပ်ငန်းများ အရှိန်အဟုန်မြှင့်

ကျိုင်းတုံ ဇန်နဝါရီ ၂

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြနှင့်ကျေးလက် စည်ပင်သာယာရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း အရှည်ပေ ၉၀၀၊ အကျယ် ၁၂ ပေမြို့ပတ်လမ်း၊ အရှည်ပေ ၁၉၀၀၊ အကျယ် ၁၂ ပေ ကျိုင်းကာလမ်းနှင့်အရှည် ပေ ၁၄၀၀၊ အကျယ် လေးပေ လျှပ်စစ်ရုံးရှေ့လမ်းတို့ကို ကတ္တရာလမ်းများအဖြစ် အဆင့်တိုးမြှင့်ပြီး ကျေးလက်လမ်းဖြစ်သော အရှည်ပေ ၂၃၄၀၊ အကျယ် ၁၂ပေ ယန်းလောကတ်ထိုက်ကျေးရွာ ကျောက်ချောလမ်းနှင့် အရှည်ပေ ၁၃၂၀၊ အကျယ် ၁၈ပေ ဝမ်ရှဲန်-ဝမ်ညှပ်မြေသား လုပ်ငန်းဖောက်လုပ်ဆောင်ရွက်ခဲ့ရာ အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူး ဦးဉာဏ်ထွန်းတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စာပေဟောပြောပွဲ မအူပင်မြို့နယ်၌ ကျင်းပ

မအူပင် ဇန်နဝါရီ ၈

၁၃၆၆ခုနှစ် မအူပင်မြို့နယ် (၅၅)ကြိမ်မြောက် စာဆိုတော်နေ့ အခမ်းအနားနှင့် စာပေဟောပြောပွဲ အခမ်းအနားကို မအူပင်မြို့ တိုးရွှေဝါခန်းမတွင် ဇန်နဝါရီ ၈ရက် ည ၇ နာရီက ကျင်းပရာ မအူပင်မြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ ဦးကျင်ဝင်း(ကျင်ဝင်း-ငြိမ်း၊ မအူပင်)က မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း အဖွဲ့(ဗဟို)ဥက္ကဋ္ဌထံမှ စာဆိုတော်နေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ စာစီစာကုံး ပြိုင်ပွဲများတွင် ဆုရ ကျောင်းသူ၊ ကျောင်းသား၊ စာပေ၊ ဝါသနာရှင်များအား ဆုများ ချီးမြှင့် ပေးအပ်သည်။

ထို့နောက် အမျိုးသားစာပေဆုရ ဆရာမမစန္ဒာ၊ဆရာမမြသန္တာ၊ ဆရာမသန်းမြင့်အောင်နှင့် ဆရာမ မိချမ်းဝေတို့က စာပေရေးရာများ ဟောပြောကြကြောင်း သိရသည်။ **(၄၂၁)**

ရိုးရာဝတ်စားဆင်ယင်မှုပြပွဲ သနပ်ပင်မြို့၌ ကျင်းပ

သနပ်ပင် ဇန်နဝါရီ ၅

သနပ်ပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့က ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှု ပြပွဲပြိုင်ပွဲကို ဒီဇင်ဘာ ၃၁ရက် ညနေ ၆နာရီက သနပ်ပင်မြို့ မြသီတာဇာတ်ရုံ၌ ကျင်းပသည်။

ထို့နောက် ရပ်ကွက်ကျေးရွာအုပ်စုကိုးခုနှင့် ပညာရေးဌာနမှ ပြိုင်ပွဲဝင် ၁၅ဦး ဝင်ရောက်ပြသ ယှဉ်ပြိုင်ကြရာ တတိယဆုရ စက်ကုန်းရပ်ကွက်မှ ထားဝတ်ရည်၊ ဒုတိယဆုရ ရွာသစ်ပိုင်းရပ်ကွက်မှ တင့်တင့်နိုင်၊ ပထမဆုရ ဘူတာပိုင်းရပ်ကွက်မှ အိချောစုဝင်းတို့အား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ငွေငွေက ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။**(ယာပုံ) (မြို့နယ်ပြန်/ဆက်)**

မြန်မာ့အသံ

၁၈-၁-၂၀၀၅(အင်္ဂါနေ့)

နံနက်ပိုင်း

- ၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မင်္ဂလသုတ်)

နေ့လယ်ပိုင်း

- ၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ရေနံချောင်းစက်မှုဇုန်မှ ပြည်တွင်းဖြစ် မော်တော်ဆိုင်ကယ်ထုတ်လုပ်မှု)
- ၁၁:၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက်(ဇာတိမာန်စာပေ-ကို-တက္ကသိုလ်)
- ၁၂:၀၀ သူ့အတွေးနှင့်သူ့အရေး (စိတ်နှင့်ကိုယ်-မေတ္တာဦး)
- ၁၂:၂၀ ဇာတ်လမ်းပမာနားဆင်စရာ (လှိုင်ဝှက်ချက်)
- ၁၂:၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (မြန်မာ့မြင်းခင်းသဘင်-ခိုင်ခိုင်)
- ၁၃:၁၀ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ (သမိုင်း)

ညနေပိုင်း

- ၁၇:၀၀ တပ်မတော်စာတိုက်
- ၁၇:၁၀ ကမ္ဘာ့ဂီတ
- ၁၇:၃၀ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (အလှအပနှင့် ကိုယ်လက်လှုပ်ရှားမှု)
- ၁၈:၁၅ ကျေးလက်ဇာတ်လမ်း (စာလည်းစား အားလည်းထား)
- ၁၉:၁၅ ကျန်းမာရေးနှင့် ဆေးပညာ (ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်ခြင်း)
- ၂၀:၃၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ

ဂျပန်နိုင်ငံ JFEE Corporation တွင် Welding သင်တန်းသားများစေလွှတ်ရန် လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် ဂျပန်နိုင်ငံ JFEE Corporationတို့ ပူးပေါင်း၍ Weldingသင်တန်းသားများကို ဂျပန်နိုင်ငံသို့ စေလွှတ်မည် ဖြစ်ပါသည်။

၂။ ထိုသို့စေလွှတ်ရာတွင် MES Corporate Member Companyများသည် မိမိတို့၏ သင်တန်းသားများကို စေလွှတ်လိုပါက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက သတ်မှတ်ထားသည့် လျှောက်လွှာပုံစံတစ်စုံလျှင် ကျပ်၁၀၀၀ (ကျပ်တစ်ထောင်တိတိ)ဖြင့် ဝယ်ယူဖြည့်စွက်ပြီး တင်သွင်းရပါမည်။

၃။ လျှောက်လွှာများကို သက်ဆိုင်ရာ Corporate Company များမှတစ်ဆင့် (၁-၂-၂၀၀၅)ရက်၊ ၁၆း၀၀နာရီ နောက်ဆုံးထား၍ လျှောက်ထားရပါမည်။

၄။ သင်တန်းကိစ္စနှင့်ပတ်သက်၍ အသေးစိတ်ကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းရုံး Notice Board တွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း
ဖုန်း- ၆၅၂၂၉၄၊ ၆၅၂၂၉၅။

အထက(ပျော်ဘွယ်) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲ

အထက(ပျော်ဘွယ်)(၁၉၈၀ပြည့်နှစ်ရှေ့ပိုင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို (၁၂-၂-၂၀၀၅)ရက်တွင် အထက(၁)ပျော်ဘွယ်(ဓမ္မာရုံ)၌ ကျင်းပ ပြုလုပ်မည် ဖြစ်ပါသည်။

သို့ပါ၍ ရပ်ဝေးမှ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် အောက်ဖော်ပြပါအတိုင်း ဆက်သွယ်၍ အလှူငွေများ ပါဝင်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

၁။ ဦးညွန့်ဝင်းအောင်(ပျော်ဘွယ်) - ဖုန်း ၀၂- ၆၇၁၉၂
၂။ ဦးခင်မောင်ထွေး (ရန်ကုန်) - ဖုန်း ၅၉၀၆၄၃၊ ၇၀၁၃၈၈
၃။ ဦးခင်မောင်ဝင်း (ရန်ကုန်) - ဖုန်း ၀၉ -၅၀၀-၆၅၆၉၊ ၅၉၁၀၈၁
၄။ ဒေါ်သီသီညို (မန္တလေး) - ဖုန်း ၃၁၄၈၅၊ ၂၆၅၈၇
၅။ ဒေါ်စုစုယဉ် (မန္တလေး) - ဖုန်း ၈၈၁၅၆

(ဖိတ်စာသီးခြားမပို့တော့ပါ၊ ဖော်ပြပါအစီအစဉ်အတိုင်း ကြွရောက်ပါရန်။)

ရောင်းမည်

လက်ရှိအသုံးပြုဆဲ အဆင်သင့် လည်ပတ်ထုတ်လုပ်နိုင်သော ကိုယ်တိုက်ဆပ်ပြာမွှေးစက် တစ်စုံ ညှိနှိုင်းဈေးဖြင့် ရောင်းမည်။

ဆက်သွယ်ရန်- ဖုန်း- ၃၇၁၄၇၂၊ ၃၈၂၄၀၉။

မှော်ဝင်ကြိုးဇာတ်ကား စိန်ငွေးဗီဒီယိုမှဖြန့်ချိပြီး ဆရာ့အရိပ်မေတ္တာဘွဲ့နှင့် မိတ္တူလူသား ဟာသကားပါဝင်

မောင်ဆွေထွန်း

ရန်ကုန် ဇန်နဝါရီ ၁၆

ယခုအပတ် တနင်္လာနေ့မှစ၍ မြန်မာဗီဒီယိုဇာတ်ကား ၁၁ကား ဖြန့်ချိပြသခွင့်ရရှိရာ အချစ်နှင့် ဂီတသရုပ်ဖော် ဇာတ်ကားဖြစ်သော မှော်ဝင်ကြိုး ဇာတ်ကားကို ဗီဒီယိုဇာတ်ကားအဖြစ် အသက်သွင်း ဖြန့်ချိမည်ဖြစ်သည်။

ထိုဇာတ်ကားကို စိန်ငွေး ဗီဒီယိုမှ ဖြန့်ချိ၍ ဒါရိုက်တာ မောင်မျိုးမင်း ရိုက်ကူးပြီး လူမင်း၊ ရာဇာနေဝင်း၊ အိန္ဒြာကျော်ဇင်နှင့်တင့်တင့်ထွန်းတို့ သရုပ်ဆောင်ထားကြသည်။

'မိတ္တူလူသား'ဇာတ်ကားမှ ကျော်ထူး၏ ဟာသမိတ္တူ။

ဆက်လက်၍ ထားဝယ်ဗီဒီယိုမှ ဒါရိုက်တာ ဝေမှိုင်းညို ရိုက်ကူး၍ ဒွေး၊ သားညီ၊ နန္ဒနှင့် နန္ဒာလှိုင်တို့ ပါဝင်သော **ဆရာ့အရိပ်** ဇာတ်ကား။ မဏိရွှေစင်ဗီဒီယိုမှ ဒါရိုက်တာ မျိုးထူးရိုက်ကူး၍ ဝေဠုကျော်၊ မျိုးစန္ဒီကျော်၊ နှင့် အေးဝတ်ရည်သောင်းတို့ပါဝင်သော **လောင်းရိပ်မိတဲ့နေ** ဇာတ်ကား။ လပ်ကီးဆဲဗင်းဗီဒီယိုမှ ဒါရိုက်တာ ဝေမှိုင်းညို ရိုက်ကူး၍ နိုင်းနိုင်း၊ မို့မို့မြင့်အောင်နှင့် မေသန်းနုတို့ ပါဝင်သော **နှစ်ဦးနှစ်ဖက်** ဇာတ်ကား။

အနီရောင်သတ္တိသွေး

မျက်ခြယ်ဗီဒီယိုမှ ဒါရိုက်တာ သပြားသု ရိုက်ကူး၍ မိုးဒီ၊ မင်းအုပ်စိုးနှင့်ခိုင်နှင်းဝေတို့ ပါဝင်သော **အနီရောင်သတ္တိသွေး** ဇာတ်ကား။

ဒီဗီ-၅ ဗီဒီယိုမှ ဒါရိုက်တာ မြိုင်စစ်သူ ရိုက်ကူး၍ ကုသိုလ်၊ ရော၊ ကျော်ထူးနှင့်လင်းဇာနည်ဇော်တို့ ပါဝင်သော **မောင် ဆုံးဖြတ်ပါ**ဇာတ်ကား။

မကျော်ရဲ့ ရာဇဝင်

စိန်ငွေးဗီဒီယိုမှ ဒါရိုက်တာ ခင်စပယ်ဦး ရိုက်ကူး၍ စည်သူတင်စိုး၊ အိန္ဒြာကျော်ဇင်၊ အောင်ခိုင်နှင့် နွဲ့နွဲ့စန်းတို့ ပါဝင်သော **မကျော်ရဲ့ရာဇဝင်** ဇာတ်ကား။

စိန်ပန်းမင်း ဗီဒီယိုမှ ဒါရိုက်တာကျော်ထူး ရိုက်ကူး၍ ကင်းကောင်၊ ကျော်ထူး၊ ငြိမ်းချမ်းနှင့် မန်းဝင်းတို့ ပါဝင်သော **မိတ္တူလူသား** ဇာတ်ကား။

တက်လမ်းဗီဒီယိုမှ မြိုင်စစ်သူ ရိုက်ကူး၍ အောင်ပိုင်၊ ကျော်ဇောဟိန်းနှင့်သဲဆုပိုင်တို့ပါဝင်သော **လက်ခုပ်တီးပါကိုနီတာ** ဇာတ်ကား။ စူပါနိုင်းဗီဒီယိုမှ ဒါရိုက်တာ မဟာ

ဒါရိုက်တာမောင်မျိုးမင်း၏ 'မှော်ဝင်ကြိုး' ဇာတ်ကားမှ လူမင်းနှင့် အိန္ဒြာကျော်ဇင်။

ရိုက်ကူး၍ မော့စ်၊ ခင်လှိုင်၊ ရဲဒိုးနှင့်ခင်စိုးပိုင်တို့ပါဝင်သော **ယောက်ဖရေ သူငယ်ချင်း** ဇာတ်ကား။

အောင်ဗီဒီယိုမှ ဒါရိုက်တာ အောင်အောင်ဦး ရိုက်ကူး၍ မင်းဇော်၊ စုလှိုင်နှင်းတို့ ပါဝင်သော **မုန်တိုင်းသံလား၊ မိုးသံလား** ဇာတ်ကားတို့ ဖြန့်ချိမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

ဆရာ့အရိပ်

'ဆရာ့အရိပ်'ဇာတ်ကားမှ ဒွေး၏ သရုပ်ဆောင်ဟန်။

နိုင်ငံတော်တည်ဆောက်ကာကွယ်ရေးနယ်ပယ်ကဏ္ဍစုံတွင် အသိပညာရှင်၊ အတတ်ပညာရှင်များပေါ်ထွန်းလာရေး တက္ကသိုလ်၊ ကောလိပ်များတွင် ဘာသာရပ်ခွဲ၊ ပညာရပ်ခွဲများ တိုးချဲ့သင်ကြားပေးပြီး ပညာရှင်များမွေးထုတ် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကတစ်ဆင့် အခြားကဏ္ဍများတိုးတက်ဖြစ်ထွန်းရေး ဖော်ဆောင်ပေး

ရန်ကုန် ဇန်နဝါရီ ၁၆

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ဖွင့်လှစ်သော အခြေခံပညာ ဆရာဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂၂) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဝန်ကြီးချုပ်ရုံး ဝန်ကြီးများဖြစ်ကြသော ဦးသန်းရွှေနှင့် ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦး၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးနှင့် ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁** *

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပသည့် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၂) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဇော်ဂျီကွက်သစ် ရွှေလီကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ၃၀ ရက်တွင် အဆိုပါလမ်းသစ် မုခ်ဦး၌ ကျင်းပရာမြို့နယ်ဥက္ကဋ္ဌဦးသိန်းဟန်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်စောတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

၂၀၀၅ခုနှစ် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ဒုတိယနေ့ပြိုင်ပွဲအဖြစ် ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ကျင်းပရာ ပြိုင်ပွဲများမစတင်မီ ပန်းဘဲတန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသူကျောင်းသားလေးများပါဝင်သော ဘင်ခရာအဖွဲ့များက စစ်ချီတေးများ၊ အလှသရုပ်ဖော်ပြကွက်များဖြင့် စွမ်းရည်ပြ ဂုဏ်ပြုဖျော်ဖြေကြသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ❒

ဖွံ့ဖြိုး

စည်ပင်

ကျေးလက်

တစ်ခွင်

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဆောင်ရွက် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းနှင့် စက်ရေတွင်းသစ်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြစည်ပင်သာယာရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်း (အနောက်) မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မင်းလှမြို့၌ အရှည်ပေ ၇၀၀နှင့် အကျယ် ၁၂ပေရှိ ဈေးချိုတန်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် အရှည်ပေ ၁၃၀၊အကျယ် ၁၂ပေရှိ မင်းတန်းလမ်းကတ္တရာခင်းခြင်းလုပ်ငန်းတို့ကို ဇန်နဝါရီ ၁၄ ရက်က ဆောင်ရွက်ခဲ့သည်။

အလားတူ မိုးညိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကလည်း မိုးညိုမြို့နယ်၌ အရှည်ပေ ၈၄၀၊အကျယ် ၁၂ပေရှိ ဗိုလ်ချုပ်လမ်း ကတ္တရာအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

မိုးကုတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးဦးတင်မောင်လွင်သည် ဒီဇင်ဘာ ၇ရက်တွင် မိုးကုတ်မြို့နယ် ငွေကြီးကျေးရွာရေထွက်မှ ရွာလယ်ရေကန်သို့ နှစ်လက်မ ပီဗွီစီရေပိုက်များ သွယ်တန်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ငွေကြီးကျေးရွာ ကျေးလက်ရေပေးရေးလုပ်ငန်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၄၉၃၀၀၀ အကုန်အကျခံ၍ ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သည်။ သရက်မြို့နယ် ရေဖြူကျေးရွာအုပ်စု ရေဖြူကျေးရွာ၌ အလှူရှင်စက်ရေတွင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၇ရက်က ကျင်းပရာ သရက်မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ ဦးဆယ်မောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

စပိန်ဘုရင် ဦးခေါင်းပုံပါ ရွှေဒင်္ဂါး

၁၇၅၅ခုနှစ် စပိန်နိုင်ငံဘုရင် ဖာဒီနန်၏ ဦးခေါင်းပုံအား ပုံဖော်ထားသည့် ရွှေဒင်္ဂါးပြားအား သုတေသနပညာရှင် တစ်ဦးက ပြသနေစဉ်။ **(အပေါ်ပုံ)**

ကမ္ဘာ့အနံ့အပြားမှ သမိုင်းဝင်၍ တန်ဖိုးရှိသော ဒင်္ဂါးပြား အများအပြားကို ဘဏ်တစ်ခု၏ မြေတိုက်ခန်းထဲတွင် နှစ်ပေါင်းများစွာ ထားရှိသည်။ ၎င်းဒင်္ဂါးပြားများအား ပထမဆုံးအကြိမ်အဖြစ် ကျွမ်းကျင်ပညာရှင်များက နိုင်ငံတကာဒင်္ဂါးနှင့် တံဆိပ်လေ့လာမှုညီလာခံတွင် စစ်ဆေးကြမည်ဖြစ်သည်။

(ဓာတ်ပုံ–အင်တာနက်)

လီယိုနာဒိုဒါဗင်ချီ၏ လက်ရေးမူ



ကမ္ဘာကျော်ပန်းချီဆရာကြီးလီယိုနာဒိုဒါဗင်ချီ၏ကိုယ်တိုင်ရေးလက်ရေးစာမူတစ်ခုကို တွေ့ရစဉ်။ **(ဝဲပုံ)**

လွန်ခဲ့သည့်နှစ်ပေါင်း၁၀၀ကျော်က ကမ္ဘာတစ်လွှား အောင်မြင်ကျော်ကြားခဲ့သောပန်းချီဆရာကြီးလီယိုနာဒိုဒါဗင်ချီ၏လက်ရေးစာမူနှင့်ပန်းချီဒီဇိုင်းများပါရှိသောစာအုပ်တစ်အုပ်ကို အီတလီနိုင်ငံ ရောမမြို့ရှိ လင်ဆီအကယ်ဒမီ၌ ပြည်သူများ ကြည့်ရှုနိုင်ရန်ပြသထားသည်။ **ရိုက်တာ။**